
ရေလှိုင်းပေါ်က ပန်းပွင့်လေး
ခိုင်မြမြဇင်

# ရေလှိုင်းပေါ်က ပန်းပွင့်လေး
# (၁)

ကော်ဖီတစ်ခွက်ကို လက်ကကိုင်ကာ သတင်းစာဖတ်နေသော သူ့ချစ်သမီးကလေး ရွှန်းလဲ့ သာ၏ မျက်နှာကို မသီရိသည် ရင်မှာ ပီတိလျှံပြည့်စွာဖြင့် ကြည့်နေမိပါ၏ ။

ရွှန်းလဲ့သာသည် သတင်းစာမှ မျက်နှာကိုခွာ၍ သူ့ရှေ့တွင်ထိုင်နေသော မိခင်ဖြစ်သူ၏ မျက်နှာကိုကြည့်လိုက်သည်တွင် သူ့အား စူးနစ်အားကြည့်နေသော မိခင်၏ မျက်လုံးအစုံကို တွေ့ မြင်လိုက်ရသည်။

"မေမေဘာတွေကြည့်နေတာလဲဟင်"

"မေမေ့ သမီးလေးလှလွန်းလို့ ကြည့်နေတာပါကွယ်"

"အဟင်း သမီးက မေမေ့လောက်မလှပါဘူး"

"သမီးက မေမေ့ထက်လှပါတယ်ကွယ် လူလေးလဲလှ၊ ဘဝလေးလဲသိပ်လှနေတဲ့ မေမေ့ သမီးလေးကို မေမေကြည့်ပြီး ကြည်နူးကျေနပ်မဆုံး ဖြစ်နေမိတာသိရဲ့လားသမီး"

"မေမေ......"

"ဘာလဲ သမီး"

"သမီး ကိုဇာနည်ကို လက်ခံလိုက်မိတာ အချိန်များနည်းနည်း စောသွားသလားလို့ ဟင်"

"အင်း ......မေမေ့သမီးဘက်ကကြည့်ရင်တော့ သမီးက နှစ်ဆယ်တောင် မပြည့်တတ်သေး ဘူး၊ ဒါပေမယ့် မောင်ဇာနည်က နှစ်ဆယ့်ခြောက်နှစ်တောင် ရှိပြီးဆိုတော့ သူ့အသက်အရွယ်က အိမ်ထောင်ပြုအပ်တဲ့ အရွယ်ဖြစ်နေပြီလေ ...."

ဟုတ်တယ် မေမေ သူကသမီးကိုတက္ကသိုလ်ဆက်တက်ခွင့်တောင်

မပြုချင်တော့ဘူး။ ဒီဝါ ကျွတ်တာနဲ့ လက်ထပ်ဖို့ချည်းပဲ နားပူနာဆာ လုပ်နေတယ်။

"နှစ်ဖက်မိဘ ကြည်ကြည်ဖြူဖြူနဲ့ ဆောင်နှင်းပေးတဲ့ မင်္ဂလာအတွက် မေမေကြည်နူးတယ်၊ ကျေနပ်တယ်သမီး မေမေ့ဘဝမှာ အလိုလားဆုံး၊ အတောင်းတဆုံးဆန္ဒတစ်ခုက သမီးမင်္ဂလာကိစ္စ ပဲ ....."

ဒါဆိုရင် သမီး ကိုဇာနည်ဆန္ဒကိုလက်ခံလိုက်တော့မယ်နော်..... မေမေခင်လေးတို့ကလဲ သဘောတူကြမှာပါ။

သီရိကဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။

ရွှန်းလဲ့သာသည် သူလက်ထဲက ကော်ဖီခွက်ကို တစ်ကျိုက်နှစ်ကျိုက် သောက်လိုက်ပြီး မိခင်ဖြစ်သူ၏ မျက်နှာကို ကြည့်လိုက်သည်။

"မေမေ...."

"ဘာလဲ သမီး"

"သမီးတို့ လက်ထပ်ပြီးရင် မေမေလဲဦးဦးထွန်းကို လက်ခံလိုက်ပါ.... သမီး .... မေမေ့ကိုဒီလို ပဲ အထီးကျန်ဆန်တဲ့ဘဝ မှာမနေစေ့ချင်ဘူး၊ ဦးဦးထွန်းက လူတော်၊ လူကောင်းတစ်ယောက်ပါ မေမေ...."

"သမီးက မေမေ့ကိုနားချရတယ်လို့ကွယ်"

ရက်ဝဲဝဲမျက်နှာဖြင့် မသီရိက သမီးဖြစ်သူကို ပြောလိုက်သည်။

အနှစ်နှစ်ဆယ်လုံးလုံး မုဆိုးမဘဝနဲ့ သမီးကို မေမေပြုစုပျိုးထောင်လာခဲ့ရတာ ၊ မေမေပင် ပမ်းလှပါပြီ၊ ဦးဦးထွန်းက လူကောင်းတစ်ယောက်ဆိုတာ သမီးလေ့လာသုံးသပ်ပြီးလို့ မေမေနဲ့ ကြည်ဖြူတာပါ၊ သမီးတစ်ယောက်အမေဆိုပေမယ့် မေမေက အသက်လေးဆယ်တောင် မပြည့် တတ်သေးတဲ့ အရွယ်ကောင်းတစ်ယောက်ပါ၊ မေမေလျှောက်ရမယ့် ခရီးကအန္တရာယ်များတယ်။ "မေမေ့အနားမှာ မားမားမတ်မတ်အားကိုးရမယ့်

လူလိုတယ် မေမေ”

“ဟုတ်ပါပြီတဲ့ရှင်”

သူ့ကိုယ်သူ လူကြီးလုပ်၍ ပြောနေသော သမီးဖြစ်သူကို မသီရိက ပြုံးတုံ့တုံ့ မျက်နှာဖြင့် ကြည့်နေ၏။

“သမီးတို့ သားအမိ နှစ်ယောက် ခုလိုအခြေအနေမျိုးတွေ ရောက်တာ ကြီးကြီးထူးတွေ့လိုက် ရရင် ဝမ်းသာမှာပဲနော်”

“ဒါပေါ့ သမီးရယ် ကြီးကြီးထူးကမေမေတို့ အပေါ်သိပ်ချစ်ပြီး သိပ်သံယောဇဉ်ကြီးခဲ့တဲ့သူပဲ”

သားအမိ နှစ်ယောက်စကားကောင်းနေစဉ် သူတို့ ဝင်းတံခါးဆီသို့ ကားတစ်စီးထိုးဆိုက်လာ ၏။

“ကဲ မေမေ အချိန်မှန်ရထားကြီးတော့ ဆိုက်လာပြီ “

“မချိုမချဉ်မျက်နှာလေးဖြင့် မိခင်၏ မျက်နှာကိုကြည့်ဖို့ မေမေကို လာခေါ်တာပါ သမီးလေး ရယ်”

“အရှက်ပြေပြောမနေပါနဲ့ မေမေရယ် တစ်နေ့ တစ်နေ့ အကြောင်းပြချက်တစ်မျိုးနဲ့ ရှိနေပါပြီး”

“ခက်လိုက်တဲ့ သမီးနှယ်”

“တီ ..... တီ .....”

“အို ကိုထွန်းသောင်းဦးကလဲ လာမှပေါ့ ဟွန်းတီးနေရသေးတယ်လို့”

တစ်ဆယ့်ခြောက်နှစ်သမီးကလေးနှယ် ရှက်စိတ်တွေမွန်ထူကာ မသီရိလည်းအသင့်ထားရှိ နေသော စားပွဲပေါ်က လက်ကိုင်အိတ်ကိုကောက်ယူကာ ကသောကမျော အိမ်ပေါ်မှ ဆင်းသွားပါ တော့သည်။

“မေမေ တာ့တာ”

“တာ့တာ ….. တာ့တာ……”

မသီရိသည် နောက်ကြောင်းကိုလှည့်မကြည့်ဘဲ စက်သတ်မထားသောကား၏ အသင့်ဖွင့် ထားသော ရှေ့ခန်းနေရာတွင်ဝင်ထိုင်လိုက်သည်။

ကိုထွန်းသောင်းဦးသည် ရွှန်းလဲ့သာကို လက်ပြနှုတ်ဆက်ပြီးမှ ကားကိုမောင်းနှင် ထွက်ခွာ သွားသည်။

“ဦးထွန်းသောင်းဦးကြီးက တကယ့်ကိုလူချောလူခန့်ကြီးပါ မေမေနဲ့ ရှေ့သွားနောက်လိုက်ညီ လိုက်တာ၊ နေနဲ့လ ရွှေနဲ့မြဆိုတာ ဒါမျိုးပဲထင်ပါရဲ့”

ရွှန်းလဲ့သာသည် မိခင်ဖြစ်သူလိုက်ပါသွားသော ကားကလေးကို မျက်စိတစ်ဆုံး ကြည်နူး စိတ်ဖြင့် ကြည့်မိနေခဲ့ပါ၏ ။

*

“သားအမိနှစ်ယောက် ဘာတွေကြည်နူးနေကြတာလဲဟင် မသီရိ”

မသီရိဘက်သို့ ကိုထွန်းသောင်းဦးက တစ်ချက်စောင်းငဲ့ကြည့်ကာ မေးလိုက်သည်။

“သာသာပေါ့ စ စရာမရှိ အမေကိုပဲလိုက်စနေတယ် ကိုထွန်းရဲ့ …..”

ရှက်သွေးမွှန်နေသော မျက်နှာကလေးဖြင့် မသီရိကဖြေလိုက်သည်။

“မသီရိတို့ သားအမိ နှစ်ယောက်ကို ကြည့်ရတာ သိပ်စိတ်ချမ်းသာတာပဲ ဘယ်တော့များမှ မသီရိတို့သားအမိနဲ့ အရာရာကိုမျှဝေခံစားခွင့် ရပ့ါမလဲလို့

စောင့်စားနေရတယ်”

“ရှင့်ကိုသီရိပြောခဲ့ပြီပဲ သီရိကသမီးကိစ္စကိုရှေ့တန်းတင်နေမိတဲ့ သူပါလို့”

“ဒါကိုကိုယ်သိပါတယ် ဘယ်လိုပဲ သမီးလေးကိစ္စကို ရှေ့တန်းတင်တင် ခိုင်လုံတဲ့ အဖြေ လေးတစ်ခုကိုတော့ မသီရိကိုယ့်ကို ကြိုပေးထားရင် ရပါတယ်ဗျာ။ လူငယ်ဆန်ဆန် စကားပြော နေ ရမယ့် အရွယ်တွေ မဟုတ်တော့လဲခက်တယ်”

“ကိုယ်ထွန်းသောင်းဦးရယ် ရှင့်ဆန္ဒရှင့်သဘောကို သီရိနားလည်လက်ခံပြီးသားပါ၊ အချိန် လေးတစ်ခုပဲ သတ်မှတ်မပေးနိုင်သေးတာပါ”

“စံရိပ်ငြိမ်းမှာ ညက ကိုယ်သတင်းတစ်ခုကြားခဲ့တယ် သာသာနဲ့ ဇာနည် ဝါမဝင်ခင် စေ့စပ် ပေးတော့မယ်လို့”

“ဟင် ဟုတ်လား ဘယ်သူတွေ ပြောနေကြတာလဲ ကိုထွန်းသောင်းဦး”

မသီရိရင်ခုန်စွာ ထွန်းသောင်းဦးကို ကြည့်၍ မေးလိုက်သည်။

“မမ ခင်ခင်လေးက ဦးမြတ်သူအောင်ကို ပြောနေတာ ကိုယ်တစ်စွန်းတစ်စ ကြားခဲ့တာပဲ .....”

“အင်း ဒီကိစ္စကို မသီရိလဲ အမြန်ဖြစ်စေချင်တာ ဒီလိုပြောဆိုနေကြပြီ ဆိုရင်တော့ မသီရိ ဆန္ဒပြည့်ဖို့ အချိန်မဝေးတော့ဘူးပေါ့ ကိုထွန်းသောင်းဦးရယ်”

မသီရိမျက်နှာသည် ကျေနပ်အားရမှုများဖြင့် ဝင်းပကြည်လင်နေပါ၏ ။

မကြာမီ ကျောက်ကုန်းရှိ အိမ်တစ်အိမ်ဆီသို့ မသီရိတို့နှစ်ယောက် ရောက်ခဲ့ကြသည်။

“ကြွပါ အိမ်ထဲကိုကြွပါရှင်”

အဆင်သင့် စောင့်ဆိုင်းနေသော အိမ်ရှင်များက

မသီရိနှင့်ကိုထွန်းသောင်းဦးကို အိမ်ထဲသို့ ဖိတ်ခေါ်လိုက်ကြသည်။

“ဒီနေ့ ဒေါ်မြခိုင် ဘယ်မှမသွားဘူးလား”

ကိုထွန်းသောင်းဦးက မေးလိုက်သည်။

“မန်နေဂျာကြီးလာမယ်ဆိုတာနဲ့ တမင်စောင့်နေတာပဲ၊ ပြောထားတဲ့ပစ္စည်းတွေကို အခြား မိတ်ဆွေတွေကလဲ ကြည့်ချင်နေကြတယ်။ မန်နေဂျာကြီးတို့ကို ပြောထားပြီးသားမို့ ကျွန်မက ဦးစား ပေးလိုက်တာပါ။ ဒီမှာကြည့်ပါဦး ကျွန်မပစ္စည်းတွေကတော့ အပြစ်အနာအဆာ ဘာမှမရှိစင်နေတာပဲရှင်”

ကတ္တီပါကတ်ထူဘူးကြီး တစ်ခုကိုဖွင့်၍ ဒေါ်မြခိုင်ကပြလိုက်သည်။

“ကဲ မသီရိကြည့်ပေတော့၊ ဒေါ်မြခိုင် ဒါကျွန်တော်တို့ရတနာကုမ္ပဏီက အကဲဖြတ် မသီရိဆိုတာပဲ”

“အင်း နာမည်တော့ကြားဖူးနေတာကြာပါပြီ မသီရိသတင်းကတော့ ကျောက်မျက်လောက မှာ မွှေးနေတာပဲ၊ မသီရိအကဲဖြတ်ပေးလိုက်ရင် အတိမ်းအစောင်းကိုးမရှိဘူးဆိုတာ”

“ဒါကြောင့်လဲ ကျွန်တော်တို့ သဌေးက မသီရိကိုလက်သပ်မွေးထားတာပေါ့ ဒေါ်မြခိုင်ရယ်”

“ဟုတ်ပါတယ် ဟုတ်ပါတယ် မသီရိတို့ကတော့ လူလေးလဲလှ၊ အရွယ်လေးလဲလှ၊ အတတ် ပညာလေးကလဲလှနဲ့ ရှားမှရှားတဲ့သူပါပဲရှင် အဟင်းဟင်း”

ဒေါ်မြခိုင်သည် သူ့စကားအဆုံးတွင် ညှင်းညှင်းသွဲ့သွဲ့ရယ်မောရင်း ကတ္တီပါကတ်ထူဘူးထဲ မှ ကျွမ်းကျင်စွာရွေးထုတ်နေသော မသီရိထံသို့ လှမ်းကြည့်နေ၏ ။

မသီရိသည် အစင်ဆုံး၊ အလှဆုံး အရွယ်ညီစိန်ပွင့်များကို စိတ်ကြိုက်ရွေးပြီးသည်နှင့် ညောင်းသွားသော ဇက်ကလေးကိုချိုး၍ ကိုထွန်းသောင်းဦးထံသို့ ကြည့်လိုက်သည်။

"ရပြီလား မသီရိ"

"ဟုတ်ကဲ့ မမခိုင်ကို တိုက်ကိုခေါ်သွားပြီး ချိန်မယ်လေ"

"ကောင်းသားပဲ"

"မန်နေဂျာကြီးတို့ ပစ္စည်းကိုယူသွားနှင့်ကြလေ မမခိုင်က ချိန်းထားတဲ့လူဆီကို ကျန်တာတွေ သွားပြပြီးမှ တိုက်ကိုလိုက်ခဲ့မယ်"

"ဒေါ်မြခိုင် စိတ်ချရင်ပြီးတာပါပဲ"

"ဒီလူနဲ့ ဒီလူ စိတ်မချစရာမရှိပါဘူး မန်နေဂျာကြီးရယ် ယူသာသွားစမ်းပါ ရော့ ဘူးလွတ်က လေး"

ဒေါ်မြခိုင် ကမ်းပေးနေသော ကတ္တီပါဘူးလွတ်ကလေးကို မသီရိကလှမ်းယူပြီး၊ သူစိတ် ကြိုက်ရွေးထားသော စိန်ပွင့်ကလေးများကို ကောက်ထည့်လိုက်သည်။

"ရှေ့အပတ်ထဲမှာ မြကြီးတွေ ဝင်ဖို့ရှိသေးတယ်၊ နောက်မှ မန်နေဂျာကြီးကို ဆက်သွယ်ဦး မယ်"

"အိန္ဒိယဆိုရင်တော့ သိပ်စိတ်မဝင်စားသေးဘူး၊ တိုက်မှာများနေသေးတယ်မမခိုင်"

"အိန္ဒိယမဟုတ်ဘူး မသီရိရဲ့ အာဖရိကမြ အရည်အသွေးကလဲ ထိပ်ပဲလို့ပြောတယ်"

"ဒါဆိုရောက်တာနဲ့ ဖုန်းဆက်လိုက်ပါ မသီရိနဲ့ ကိုထွန်းသောင်းဦး ဦးမြတ်သူအောင်ကို ပြော ပြီးလာကြည့်ပါ့မယ်"

“ကောင်းပြီ မသီရိ”

“ကဲ ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုဦး”

“ဟုတ်ကဲ့ပါရှင် ဟုတ်ကဲ့ပါ”

မသီရိလည်းသူ၏ လက်ပွေ့အိတ်ထဲသို့ စိန်ဘူးကိုအသေအချာထည့်ပြီး ထိုင်ရာမှထ လိုက်သည်။

အိမ်ရှင် ဒေါ်မြခိုင်သည် မသီရိနှင့်ကိုထွန်းသောင်းဦးကို ကားနားအထိ လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ပသည်။

*

“ဒေါ်မြခိုင်ကြီးက သူ့ပစ္စည်းကို ဈေးအပြတ်တောင်းနေတယ်”

ကားကို ဒေါ်မြခိုင်အိမ်ရှေ့မှ မောင်းထွက်လာရင်း ကိုထွန်းသောင်းဦးက မသီရိကိုပြော လိုက်သည်။

“ပစ္စည်းကလဲ ကောင်းတာကိုး”

“သူ့ငွေးက သဘောကျမှာပါနော်”

“ကျမှာပါ အထည်ကပ်ရင် ကြိုက်ဈေးခေါ် ရောင်းနိုင်တယ် သီရိမသေချာရင်မပြောဘူး

ယုံပါတယ်ဗျာ၊ ယုံပါတယ်၊ သီရိရထားတဲ့ ပညာကတော့ လိုက်မှီဖို့ မလွယ်ပါဘူး၊ ကိုယ်က တိုက်မှာ မန်နေဂျာသာဆိုတယ် သာမန်ထက်ထူးပြီး မမြင်တတ်ဘူး ကိုယ့်မှာမသီရိလို လက်ထပ် သင်ပေးမယ့်ဆရာကောင်း သမားကောင်းနဲ့ ဆုံခွင့်ကြုံခွင့်မရခဲ့ဘူးလေ”

မသီရိသည် ကိုထွန်းသောင်းဦး၏ စကားကိုနားထောင်ရင်း အချိန်အတန်ကြာအောင် တိမ်မြုပ်နေသော ဝေဒနာဟောင်းတစ်ခု ရင်ထဲတွင်ပြန်ပေါ်လာခဲ့၏။

နာလိုခံခက်ရှိလှသော ဝေဒနာတစ်ခု။

"အဟင်း ဆရာကောင်း သမားကောင်းဆီက ဒီပညာကို ဘာတွေကိုပေးဆပ်ပြီး သီရိရယူခဲ့ပ ရသလဲဆိုတာ ရှင်မှမသိဘဲ ကိုထွန်းရယ် ဒီပညာကမသီရိရဲ့ ပျိုမျစ်နုနယ်တဲ့ ဘဝတစ်ခုလုံးနဲ့လဲပြီး ရယူခဲ့ရတဲ့ ပညာပါ ....... ရှင်"

မသီရိ၏ ကြည်လင်လှပသော မျက်ဝန်းထဲတွင် မျက်ရည်များ ဝိုင်းစို့၍ လာ၏။

"အချိန်တွေကြာခဲ့ပြီဖြစ်သော်လည်း စဉ်းစားမိတိုင်း ဖြေသိပ်မရနိုင်သည့် ဝေဒနာတစ်ခုပါ ပေ ......"

*

မသီရိတစ်ဆယ့်သုံးနှစ်အရွယ်တွင် အမေဖြစ်သူဆုံးပါးသွားသဖြင့် အဖေသည် မသီရိ လက်ကိုဆွဲကာ မုဆိုးမစိန်ပွစား ကျောက်ပွဲစား ဒေါ်ခင်ခင်နု၏ အိမ်သို့ ခေါ်ဆောင်လာခဲ့သည်။

"ဟယ် စိန်မောင်ပါလား ဒါမင်းသမီးလေးလားဟင်"

ရေနံတွေပြည့်ဝနေသော ခန့်ငြားလှသည့် သစ်သားနှစ်ထပ်ဆင်ဝင်အိမ်ကြီးထဲရှိ ဧည့်ခန်း တွင်ထိုင်နေသော အမျိုးသမီးကြီးက အိမ်ထဲသို့ဝင်လာသော ကိုစိန်မောင်တို့ သားအဖကို ကြည့် ကာ

တအံ့တသြမေးလိုက်ပါသည်။

"ဟုတ်တယ် မမနု ဒါကျွန်တော့သမီးလေးပါ"

"သမီး ဒါ ဖေဖေပြောပြောနေတဲ့ ဖေဖေတို့ ကျေးရူးရှင်နဲ့ ဇနီးကြီးကြီးနုဆိုတာပဲ"

နားတွင်ဖက်ထုပ် စိန်နားကပ်ကြီး တဝင်းဝင်းနှင့် ခံ့ထည်နေသော အမျိုးသမီးကြီးကို မသီရိ သည် ကြောက်ရွံ့နေသော မျက်ဝန်းကလေးဖြင့်ကြည့်နေ၏ ။

"နာမည်လေးကသီရိတဲ့လား၊ လာပါဦး ကြီးကြီးနားကို"

"သွားလေသမီး ကြီးကြီးနု ခေါ်နေတာကို"

ဦးစိန်မောင်က သမီးဖြစ်သူကို အသာတွန်းပို့ပေးလိုက်သည်။

"လာပါဦးအေ ညည်းလေးကို ကြည့်စမ်းပါရစေဦး"

မသီရိကလေး၏ လက်ကိုဆွဲ၍ သူ့အနီးတွင်ဒေါ်ခင်ခင်နုက ထိုင်စေလိုက်သည်။

"အရွယ်လေးရောက်ရင် သိပ်လှမယ့် မိန်းကလေးမင်းတော့ နိုင်အောင်ထိန်းရလိမ့်မယ် စိန်မောင်"

"ဟုတ်တယ် မမနု ဒီအရှည်တွေကိုမြင်လို့ သူ့လက်ကိုဆွဲပြီး မမနုဆီကျွန်တော်လာခဲ့ရတာ ပါ။ သူ့အမေယဉ်မေ မရှိတော့ဘူး မမနု ဆုံးသွားတာတစ်လရှိပြီး"

"မြတ်စွာဘုရား ဘယ်လိုဖြစ်ရတာ လဲ စိန်မောင်ရယ်"

ရင်ဝကို လက်ဖြင့်ဖိ၍ ဒေါ်ခင်ခင်နုက ဦးစိန်မောင်ကိုကြည့်လိုက်သည်။

"အူယောင်ငမ်းဖျားဆိုလားပဲ အသိနောက်ကျပြီး အစားမှားသွားတာ

မမနုရယ်”

“ဖြစ်မှဖြစ်ရလေ”

အကြင်နာလွှမ်းသော မျက်ဝန်းများဖြင့် ဒေါ်ခင်ခင်နုသည် မသီရိကလေးကိုကြည့်နေ၏ ။

“မမနုရယ် သမီးကလေးကို မမနုဆီ အပ်ထားခဲ့ပါရစေ၊ သူ့တစ်ဖက်နဲ့ဆိုရင် ကျွန်တော်မှာ စိတ်မချလို့ ဘာအလုပ်မှလုပ်ရမှာမဟုတ်ပါဘူး၊ မလိမ်မာတာရှိရင် ကိုယ့်သားသမီးလို ဆုံးမနိုင်ပါ တယ်။ ကျွန်တော်ရှာလို့ ဖွေလို့ရသမျှလဲ သူ့အတွက် မမနုဆီ ပို့ပေးမယ်”

“ဒီလောက်အထိ ပြောနေစရာမလိုပါဘူး စိန်မောင် မင်းသမီးလေးကို ငါကောင်းကောင်း ကျွေးထားနိုင်ပါတယ်။ ဒါနဲ့ သူကျောင်းနေတယ်မဟုတ်လား ဘယ်နှစ်တန်းရပြီလဲ”

“ခုနှစ်တန်းပါ မမနု”

“အေးအေး မမနုသူ့ကို ပညာလဲဆက်သင်ပေးမယ် မင်းလဲကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပြီး အလုပ်လုပ် မမနုဆီမှာ မင်းသမီးလေးမှ့တစ်ပေါက် မစွန်းထင်းနေရဘူး။ သားသမီးလို ပဲထားမယ် သိလား”

စိန်မောင်သည် ဒေါ်ခင်ခင်နု၏ ကတိစကားကိုကြားရ၍ ဝမ်းသာလိုက်သည်ဖြစ်ခြင်း။

“ဒါနဲ့ စိုးစိုးကော မမနုမမြင်ပါလား”

“မင်းတူကတော့ ဒီအချိန်ဆိုရင် လည်ကောင်းတုန်းပဲမောင်ရေ့”

ဦးစိန်မောင်သည် သူလွန်စွာချစ်ရပါသော သမီးလေးကို ဒေါ်ခင်ခင်နုထံတွင် အပ်နှံထားခဲ့ပြီး ရွာသို့ပြန်သွား၏ ။

တရှုပ်ရှုပ်ငို၍ ကျန်ရစ်သောမသီရိကလေးကို ဒေါ်ခင်ခင်နုက

ချော့မော့နှစ်သိမ့်နေ၏ ။

ထိုစဉ် အိမ်ထဲသို့ လွယ်အိတ်ကို စလွယ်သိုင်းထားသော ကောင်လေးတစ်ယောက် ဝင်လာ ၏ ။

ထိုကောင်လေးမှာ ဒေါ်ခင်ခင်နု၏ တစ်ဦးတည်းသောသား စိုးမိုးနိုင်ဖြစ်သည်။

“ဟဲ့သားစိုးစိုး ဒီမှာကြည့်စမ်း၊ မင်းအတွက်ညီမလေးတစ်ယောက် မေမေမွေးစားလိုက်ပြီ”

စိုးမိုးနိုင်သည် ရှုသိုးသိုးမျက်နှာဖြင့် မျက်စိသူငယ် နားသူငယ်ဖြင့် သူ့ကိုလှမ်းကြည့်နေ သော မသီရိကလေးကိုကြည့်နေပြီးမှ ချာခနဲလှည့်ထွက်သွားသည်။

“ဟိုကောင်လေး ညီမလေးကို အသိအမှတ်ပြုပါဦး တော့လား”

“ရှုပ်ရှုပ်ယှက်ယှက် ဘာညီမမှ မလိုချင်ပါဘူး သူ့ကို ထိန်းကျောင်းရမယ့်တာဝန်က ပိုလာဦး မယ်”

“အောင်မယ် ကြီးကျယ်တော်မူလိုက်တာတော် ကိုယ့်ကိုယ်ကိုပဲ နိုင်အောင်ထိန်းကျောင်း တော်မူပါဦး လူကသာဘာမှမဟုတ်တယ်။ ပြောလိုက်ရင် စကားကြီးစကားကျယ်တွေချည့်ပဲ”

မိခင်၏ ပါးစပ်မှ ပေါက်ပေါက်လွှတ်သည် ကဲ့သို့ပြောနေသော စကားများကို မျက်ကွယ်ပြု ကာ စိုးမိုးနိုင်တစ်ယောက်ကတော့ ထမင်းစားခန်းသို့ဝင်၍ စားပွဲပေါ်မှအုပ်ဆောင်းကိုလှန်ကာ သူကြိုက်ရာဟင်းများကို ကို စည်းမရှိကမ်းမရှိခပ်စားနေ၏ ။

သူ့ကို မီးဖိုဆောင်ထဲမှ စားဖိုမှူးကြီး ဒေါ်တူးသည်လှမ်းကြည့်ပြီး စက်ဆုပ်ဟန်ဖြင့် နှာ ခေါင်းကိုရှုပ်နေ၏ ။

"ဒေါ်ကြွကြီး"

"တော်"

"ဝက်သားမကြော်ဘူးလား၊ မနက်ကကြော်ခိုင်းထားတာလေ"

"ဟင်း အမယ်တွေများနေလို့ မမက မနက်ဖြန်မှကြော်ခိုင်းတယ်"

"ဒီအိမ်ကလူတွေ တစ်ယောက်က တစ်မျိုးပြောရင်တစ်ယောက်က နောက်တစ်မျိုးပြော တယ်။ သိပ်စိတ်ကုန်ဖို့ကောင်းတယ်"

လက်ထဲကအုပ်ဆောင်းကို ထမင်းစားပွဲပေါ်သို့ ဆောင့်ခနဲပစ်ချပြီး စိုးမိုးနိုင်သည် သူ့အိပ် ခန်းရှိရာအပေါ်ထပ်ဆီသို့ တဒိုင်းဒိုင်းပြေးတက်သွားတော့သည်။

"မေတ္တာကိုခန်းတယ် ဒင်းနဲ့ငါ မြန်မြန် အိုးစားကွဲမှ ကောင်းမှာပါ"

ဒေါ်ထူးသည် စိုးမိုးနိုင်ကို မကျေမနပ်စိတ်ဖြင့် မီးဖိုဆောင်ထဲတွင် ဆောင့်ဆောင့်အောင့် အောင့် အလုပ်တွေကို လုပ်နေ၏ ။

*

"ကဲ သမီးအိတ်ကိုယူခဲ့ သမီးအတွက်အခန်းကိုပေးမယ်"

ဒေါ်ခင်ခင်နုသည် မသီရိကလေး၏ လက်ကိုဆွဲ၍ မီးဖိုဆောင်ဆီသို့ ခေါ်လာ၏ ။

သူသည် မီးဖိုဆောင်ထဲတွင် မကျေမနပ်အလုပ်လုပ်နေသော ဒေါ်ထူးကိုကြည့်ပြီး အခြေ အနေကို သဘောပေါက်မိ၏ ။

"ဟင်း"

ဒေါ်ခင်ခင်နု သက်မချလိုက်သည်။

"သြော် မမနုသူက ဘယ်သူလေးလဲ "

ဒေါ်တူးသည် နောက်သို့လှည့်ကြည့်မိရာ ဒေါ်ခင်ခင်နုနှင့် မသီရိကလေးကို တွေ့မြင်သွား သည်။

"မမနုတို့နဲ့ မကင်းရာမကင်းကြောင်း ရှိတဲ့လူတစ်ဦးရဲ့ သမီးလေးပါ သူ့အမေဆုံးသွားလို့ မမနုတို့နဲ့ နေဖို့ရောက်လာတာလေ တို့နှစ်ယောက်အတွက် အဖော်ရတာ ပေါ့အေ"

"ကောင်းတာပေါ့ မမနုရယ်"

"ဒါနဲ့ ဟိုကောင်ဘာတွေမွှေသွားလို့လဲဟင် မထူး"

"သဘောရှိ အုပ်ဆောင်းလှန်စားပြီး ဝက်သားကြော်မထားလို့ တဲ့လေ"

"အဲဒီ ကောင်ကတော့ ဒီအတိုင်းပဲ ကောင်းကိုမကောင်းဘူး၊ ဒီကောင့်ကိုတော့ ထားလိုက်ပါ တော့ မတူးရယ်၊ ကဲ အဲဒါတွေထားခဲ့ မသီရိလေးအတွက် မမနုအိပ်ခန်းဘေးက အခန်းကို ရှင်း လင်းပေးလိုက်ပါဦး"

"ဟုတ်ကဲ့ မမနု"

ဒေါ်တူးသည် မသီရိလေးအတွက် အိပ်ခန်းကို ပြင်ဆင်ပေးလိုက်သည်။

"ညည်းလေး တစ်ယောက်တည်း အိပ်ရဲတယ်မဟုတ်လား"

"အိပ်တော့ မအိပ်ရဲပါဘူး ဒါပေမယ့်အိပ်ပါ့မယ် ကြီးကြီးတူး"

"ညည်းလေးက ရုပ်ရည်ကလေးအေးဆေးသလို အသံကလေးကလဲ တယ်အေးဆေးပါလား ဒီလိုလုပ်ပေါ့အေ ညမအိပ်ရဲရင် ငါ့အိပ်ခန်းလာအိပ်ပေါ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ကြီးကြီးတူး"

"ဒီကနေ ညာဘက်ချိုးရင် ရေအိမ်နဲ့ ရေချိုးခန်းရှိတယ်"

"ဟုတ်ကဲ့ ကြီးကြီးတူး"

"ညည်းလေး ဘယ်အရပ်ကလာတာလဲ ဟင်"

"အင်္ဂပူကပါ ကြီးကြီး"

"ဩော် မမနုတို့ ဇာတိကပဲကိုး၊ အင်း ဒီအိမ်မှာညည်းလေး သတိထားဆက်ဆံကမှာက မမနု ရဲ့သား ဟိုမေတ္တာခမ်းကောင် စိုးမိုးနိုင်ပဲရှိတယ်၊ ဒီကောင်က သန္ဓေမကောင်းဘူး"

"သူ သူက သိပ်ဆိုးလားဟင် ကြီးကြီး"

စိုးရွံ့ကြောက်လန့် နေဟန်ကလေးဖြင့် မသီရိက ဒေါ်တူးကို မေးလိုက်သည်။

"ကမ်းကုန်တယ်၊ မိုက်ရိုင်းတယ်၊ လူကြီးမှန်းမသိ၊ လူငယ်မှန်းမသိနဲ့ ဒါတောင် လူကလေးက လက်တောက်လောက်လေးပဲရှိသေးတာ ကြီးများကြီးရင်မတွေးဝံ့ဘူး ......"

"ဒုက္ခပါပဲ အဖေကဘာဖြစ်လို့ ငါ့ကိုဒီအိမ်ကိုလာပို့တာလဲမသိဘူး၊ ရွာမှာပဲကြီးကြီးဥတို့နဲ့ နေ ရင်ရတဲ့ဥစ္စာ"

မသီရိကလေးမှာ မျက်နှာကလေး ညှိုးငယ်၍ နေ၏ ။

"အင်း ကလေးမလေး သနားပါတယ် ငါပြောလိုက်တာနဲ့ ကြောက်သွားပြီနဲ့ တူတယ်....."

"သိပ်လဲမကြောက်ပါနဲ့အေ၊ အိမ်မှာမမနုနဲ့ ငါလဲရှိပါသေးတယ်။ ညည်းကိုဗိုလ်ကျရင် ငါတို့လဲ ဘယ်ခံမှာလဲ၊ ကဲရေမိုးချိုး အဝတ်စားလဲပြီးရင်ကြီးကြီးအခန်းမှာ သနပ်ခါးလိမ်းပြီး ညည်းလေးအ တွက် မနက်ဖြန်မှ သနပ်ခါးကျောက်ပျဉ် စီစဉ်ပေးမယ်"

“ဟုတ်ကဲ့ ကြီးကြီး”

*

ဒေါ်ထူးတစ်ယောက် မီးဖိုဆောင်ထဲတွင် ညနေစာချက်ပြုတ်ပြီးစီးချိန်တွင် မျက်နှာတွင် သနပ်ခါးကလေးမှုန်နေအောင်လူးထားသော မသီရိကလေး သူ့ထံသို့ရောက်ရှိလာ၏။

“သမီး ဘာလုပ်ပေးရမလဲ ကြီးကြီး တူး”

“ဘာမှလုပ်စရာမလိုပါဘူးအေ ညည်းလေး ပျင်းရင်ခြံထဲဆင်းကြည့်ပါလား”

“မဆင်းတော့ပါဘူး၊ သမီးတံမြက်စည်း လှည်းပေးမယ်လေ”

“အေးလေ လှည်းချင်ရင်လှည်းပေါ့ အဲဒီ အခန်းထောင့်မှာ တံမြက်စည်းနဲ့ ဂေါ်ပြားရှိတယ်

ဟုတ်ကဲ့ ဒါနဲ့ ကြီးကြီးတူးရဲ့ နာမည်က ဒေါ်တူးနော်”

“ဟုတ်တယ်လေ ဘာဖြစ်လို့လဲ”

“ကိုစိုးစိုးက ဒေါ်ကျွဲလို့ခေါ်သံကြားလို့ ပါ”

“ဒီမိစ္ဆာကောင်ကလေးက ကျုပ်အသားမည်းတာ ကျွဲနဲ့တူလို့ ကျွဲလို့ ခေါ်တာတဲ့အေ”

“ဩော်”

မသီရိသည် စိုးမိုးနိုင်အကြောင်းကို စဉ်းစားကြည့်ရင်း ညှော့ခန်းတွင် သေသပ်စွာတံမြက် စည်း လှည်းနေစဉ် အိမ်ပေါ်အထပ်မှ စိုးမိုးနိုင်ပြန်ဆင်းလာ၏။

သူသည် လှေကားတစ်ဝက်တွင်ရပ် ၍ မသီရိကလေးကိုကြည့်နေပြီးမှ အောက်သို့ဆက်ဆင်းလာကာ မသီရိလှည်းကျင်းပြီးသော နေရာ တွင်တမင် စက္ကူများကို ဆုပ်ဖြဲ၍ ချလိုက်သည်။

မသီရိက သူ့ကိုမျက်နှာငယ်လေးဖြင့် တစ်ချက်သာ မော့်ကြည့်ပြီး သူချထားသောစက္ကူစုတ် များကို လိုက်လံကောက်ယူနေသည်။

ဤသည်ကို ဒေါ်ထူးက တွေ့မြင်သွားသည်မို့ အံတစ်ကြိတ်ကြိတ်နှင့် အသည်းယားနေ၏ ။

သူလုပ်ချင်ရာလုပ်ပြီးသောအခါ ပါးစပ်က လေတချွန်ချွန်နှင့် စိုးမိုးနိုင်အိမ်ထဲမှ ထွက်သွား သည်။

မသီရိတစ်အိမ်လုံးကို တံပျက်စည်းလှဲပြီးချိန်တွင် ဒေါ်ခင်ခင်နုက မသီရိကို အိမ်အပေါ်ထပ် မှ လှမ်းခေါ်လိုက်သည်။

“အပေါ်တက်ခဲ့ မသီရိ”

“ဟုတ်ကဲ့ ကြီးကြီးနု”

အိမ်အပေါ်ထပ်တွင် ကြီးကျယ်ခန်းနားသော မှန်စီရွှေချဘုရားခန်းမကြီးကို မသီရိတွေ့ ရှိရ သည်။

ကျောင်းဆောင်တွင်းရှိ ရွှေရောင်ဝင်းနေသော ဆင်းတုတော်ကြီးများကလည်း သပ္ပာယ်၍ ကြည်ညိုဖွယ်ရာ ကောင်းလှတော့သည်။

အမြောက်ဆန်ပန်းအိုးများ၊ ရေတော်ခွက်များမှာတော့ ကောင်းစွာတိုက်ချွတ်မထားသဖြင့် အရောင်တွေမှေးမှိန်၍ နေ၏ ။

“နေဝင်မီးလက်စီးပွားတက်တဲ့ ကြီးကြီးနုမအားရင် မသီရိက ရေတော်လဲရမယ်နော်”

“ဟုတ်ကဲ့ပါ …….”

“ကဲ ရေတော်လဲပြီးရင် ဆီမီးထွန်းမယ်”

“ကြီးကြီးနု ရေတော်ခွက်တွေ၊ ပန်းအိုးတွေပြောင်သွားအောင် မသီရိတိုက်ပေးမယ်”

“အေး ခုတော့မိုးချုပ်ပြီ မနက်ဖြန်မှပဲ တိုက်တော့နော်”

မသီရိကလေးသည် ဒေါ်ခင်ခင်နု စေခိုင်းသမျှကို သေသပ်စွာ လုပ်ကိုင်ပေးသွား၏ ။

“အင်း ဒီအိမ်က ကြီးကြီးနှစ်ယောက်ကိုတော့ ငါခင်ပါတယ်။ သူတို့နှစ်ယောက်နဲ့ ပဲနေရတာ ဆိုရင်ကောင်းမှာ ဟိုလူကိုငါကြောက်တယ်”

မသီရိကလေးမှာ စိုးမိုးနိုင်နှင့် တစ်အိမ်တည်း နေရမည်ကို စိုးရိမ်ထိတ်လန့်နေမိရှာ၏ ။

*

ဒေါ်ခင်ခင်နု၏ အိမ်သို့ရောက်ပြီး တစ်ပတ်အတွင်း တွင်မသီရိကလေး ကျောင်းစတက်ခွင့် ရခဲ့၏ ။

ထိုနှစ်တွင် မသီရိခုနစ်တန်း စတက်ခဲ့သည်။

စာသင်ခန်းသည်သာ မသီရိတို့အတွက် ငြိမ်းချမ်းသောကမ္ဘာဖြစ်သည်။ အိမ်သို့ပြန်လာလျှင် စိုးမိုးနိုင်၏ ဗိုလ်ကျ စိုးမိုးမှုများက အစဉ်အမြဲဆိုသလို မသီရိပေါ်တွင်လွှမ်းမိုးနေခဲ့သည်။

အလုပ်မရှိ အလုပ်ရှာခိုင်းသည်။

မသီရိလှည်းကျင်းတိုက်ချွတ်ထားသော အိမ်ပေါ်သို့

အပြင်စီးပေရေနေသောဖိနပ်ကို မချွတ် ဘဲ စီးဝင်လာတတ်သည်။

သူထမင်းစားလျှင် မသီရိကဘေးမှနေ၍ ယပ်ခတ်ပေးရခြင်း၊ သောက်ရေခပ်ပေးရခြင်းများ လည်း ပြုလုပ်ရသည်။

ဘာတွေပဲလုပ်ရလုပ်ရ မသီရိကလေးကတော့ ခါစည်းခံကာ ပညာတတ်မြောက်ရေးကိုသာ ဦးတည်ကြိုးစား၍ နေ၏ ။

တစ်ဖက်ကကျောင်းပညာကို သင်ယူသကဲ့သို့ တစ်ဖက်ကလည်း ဒေါ်ခင်ခင်နုထံမှ စိန် ကြောင်းကျောင်းကြောင်းရွှေကြောင်းများကိုလည်း နားလည်တတ်ကျွမ်းအောင်သင်ယူလာခဲ့သည်။

မသီရိကလေး၏ မှတ်ဉာဏ်ကောင်းမှုနှင့် ကြိုးစားအားထုတ်မှုတို့ကြောင့် အတန်းပညာတွင် သူကလေးသည် ထူးချွန်ပေါက်မြောက်သကဲ့သို့၊ ဒေါ်ခင်ခင်နု၏ အသက်မွေးဝမ်းကျောင်းပညာတွင် လည်း မျက်နှာလွှဲရလောက်အောင် အောင်မြင်တတ်ကျွမ်းခဲ့သည်။

စိုးမိုးနိုင်မှာ သူဘယ်လောက်နှိမ်နှိမ် နိုင်နိုင်အစစ သူ့ထက်မသီရိကလေးက သာလွန်နေသ ဖြင့် မနာလိုစိတ်တွေပွားနေ၏ ။

ဤသို့နှယ်နေလာရင်းက မသီရိနှင့်စိုးမိုးနိုင်မှာ အပျိုလူပျိုအရွယ်သို့ ရောက်ရှိလာကြသည်။

သည်နှစ်ကျောင်းဖွင့်ချိန်တွင် မသီရိကလေးသည် စိုးမိုးနိုင်နှင့်အတူ ဆယ်တန်းတက်ရ တော့မည်ဖြစ်သည်။

"သူကအောင်ပြီး ငါကကျမှာတော့သေချာတယ်၊ ဒီဟာမကို ငါဘယ်လိုနှိပ်ကွပ်ရမလဲမသိ တော့ဘူး"

စိုးမိုးနိုင် ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေပါ၏ ။

ကျောင်းတက်ချိန်သို့ ကျရောက်လာသောအခါ၊ စိုးမိုးနိုင်တွင်

အကွက်ရလာသည်။

တနေ့တခြားအရောင်အသွေးလှပသောပန်းကလေးတစ်ပွင့်လို လှနေသည့် မသီရိကလေး ကို ခင်မင်ချင်ကြသူ ပိုးပန်းကြသူတွေက ဝိုင်းဝိုင်းလည်နေ၏ ။

လပတ်အောင်စရင်းထွက်ပြီးနောက်တစ်နေ့ ကျောင်းမှအပြန်တွင် တစ်တန်းတည်းသားဖြစ် သော အောင်မိုးတို့သူငယ်ချင်းတစ်သိုက်နှင့် မသီရိတို့ သူငယ်ချင်းနှစ်ယောက်ရယ်ရယ်မောမော လမ်းတွင်ရပ်ကာစကားပြောနေသည်ကို စိုးမိုးနိုင် တွေ့လိုက်ရသည်။

စိုးမိုးနိုင်သည် သူ့ပြိုင်ဘီးကလေးကို သူတို့နှင့် မလှမ်းမကမ်းတွင်ရပ်ကာ စကားသံတွေကို နားစွင့်နေ၏ ။

"မသီရိက သိပ်တော်တာပဲ၊ ဆရာမကမသီရိရဲ့ အင်္ဂလိပ်အက်ဆေး (စာစီစာကုံး ) ကသိပ် ကောင်းတာပဲတဲ့။ မင်းတို့မသီရိဆီကတောင်းကြည့်ဆိုလို့ မသီရိစာအုပ်ခဏငှားပါလားဟင်"

"ရပါတယ် ခုတော့မပါဘူး မနက်ဖြန်မှယူလေ မသီရိယူလာခဲ့မယ်"

"မသီရိက ဘာဖြစ်လို့ဒီလောက် ဉာဏ်ကောင်းရတာ လဲဟင် ကျွန်တော်တို့လဲ ကြိုးစားတာပဲ၊ ဒါပေမယ့် မသီရိကိုမမီဘူး။ လျှို့ဝှက်ချက်တော့ရှိရင်ပြောဗျာ......"

"အ ဟင်း.....ဟင်း ....ဟင်း မဟုတ်တာ ဘာလျှို့ဝှက်ချက်ရှိရမှာလဲ ကိုအောင်မိုးရယ် မသီရိ လဲဒီလိုပဲ အချိန်မှန်မှန်စာကျက်တာပဲ ရှိပါတယ်ရှင်......"

"မသီရိက မာနမကြီးဘူး ခင်ဖို့ကောင်းတယ်"

"ဟုတ်တယ် မဝင်းတင်ကတော့ မာနကြီးတစ်ခွဲသားနဲ့ဆိုတော့ ကျွန်တော်တို့ အနားတောင် မသီဝံ့ဘူး"

"မသီရိသည် အောင်မိုး၏ စကားကို သဘောကျဟန်ဖြင့် ပါးစပ်ကိုလက်ဖြင့်အုပ်၍ ရယ်နေ၏ ။"

"ဟင်း"

စိုးမိုးနိုင်သည် မျက်နှာကိုတစ်ချက်မဲ့လိုက်ပြီး သူ့ပြိုင်ဘီးကိုတစ်အားမောင်းနှင်၍ မသီရိတို့ အနီးမှ ဖြတ်စီးသွား၏ ။ ထိုအခါမှသာ မသီရိတို့သည် စိုးမိုးနိုင်ကိုမြင်လိုက်ကြရသည်။

မသီရိရင်ထဲ ဒိန်းခနဲခုန်သွားပြီး အောင်မိုးတို့နှင့် စကားဖြတ်ကာ ထိုနေရာမှထွက်ခွာသွားဖို့ ဆုံးဖြတ်လိုက်သည်။

"မသီရိ သွားတော့မယ် ကိုအောင်မိုး"

"ဟုတ်ကဲ့ မသီရိ"

မသီရိသည် သူ့သူငယ်ချင်းမ ဆွေမွန်၏ လက်ကိုတစ်အားဆွဲကာ အောင်မိုးတို့ အနီးမှ လျင်မြန်စွာထွက်ခွာခဲ့တော့သည်။

"ဒုက္ခပါပဲ ဆွေမွန်ရယ် သူအိမ်ပြန်ပြီးဘာမွှေဦး မလဲမသိဘူး၊ သူ့ကိုပဲကြောက်နေရတယ်"

"ဒီလောက်တောင်ပဲလား ကြီးကြီးနုကဘာမှ မပြောဘူးလား"

"ကြီးကြီးနု ကိုယ်တိုင်ကိုးက သူ့ကိုကြောက်တောက်တောက်ပါဟယ်"

"ဒုက္ခပါပဲ"

ဆွေမွန်သည် မသီရိအတွက် စိတ်ပင်ပန်းမိဟန်ဖြင့် သူ့ခေါင်းကိုဖွာနေအောင်ကုတ်ပစ် လိုက်သည်။

မသီရိတို့ခြံဝင်းဝသို့ ရောက်သည့်အခါတွင်တော့ စက်ဘီးကိုခြံအတွင်းဘက်တွင်ရပ်ကာ၊ ခါး ထောက်၍

သူ့ကိုစူးစူးဝါးဝါးကြည့်နေသော စိုးမိုးနိုင်ကိုတွေ့လိုက်ကြရသည်။

"တို့သွားမယ် သီရိ"

ဆွေမွန်လျင်မြန်စွာထွက်ပြေးသွားတော့သည်။

မသီရိသည် ဆွေမွန်နှင့်လမ်းခွဲပြီး ခြံဝင်းအတွင်းသို့ဝင်လိုက်သည်။ စိုးမိုးနိုင်၏ ရှေ့သို့ ရောက်သည့်အခါတွင် ခေါင်းကိုငုံ့၍ လျင်မြန်စွာ လျှောက်သွားရန်ခြေလှမ်းပြင်လိုက်သည်။

"ဟေ့ သီရိ နေဦး"

သီရိရှေ့မှ စိုးမိုးပိတ်ကာရပ်လိုက်သည်။

မသီရိသည် ကြောက်ရွံ့ထိတ်လန့်နေသော ယုန်သူငယ်ကလေးနှယ် သူ့ကိုစားတော့ မယောင် ဝါးတော့မယောင် ဖြစ်နေသော စိုးမိုးနိုင်၏ မျက်နှာကို ကြည့်လိုက်သည်။

"နင် ဟိုကောင်တွေနဲ့ ဘာပြောနေတာလဲ"

"သူတို့ သူတို့ မသီရိဆီက အင်္ဂလိပ်အက်ဆေး စာအုပ်ငှားနေကြတာပါ"

"ဒါထွင် တာပါငါမသိဘူးမှတ်လို့ လား"

"မ မဟုတ်ဘူး ဆရာမကိုးက သူ သူတို့ကိုငှားကြည့်ခိုင်းတာပါ ကိုစိုးစိုး"

"ဘာ ဆရာမလဲ ဆရာမကတော်တော် ဒီကောင်တွေဉာဏ်များနေတာ ငါမသိဘူးများမှတ် နေလား၊ နင်ကလဲ ကိုယ့်ကိုကိုယ်ဟုတ်လှပြီဆိုပြီး ဟန်ရေးတွေပြနေတာပါ မသိဘူးများမှတ်လို့ လားဟင်"

မသီရိ ပုခုံးလေးကို ဒေါခြင်ခြင်နှင့်တွေ့လိုက်သဖြင့် ဒေါ်ညိုခန်းထဲမှခြံပြေးဆင်းလာ၏ ။

"ဟဲ့ ဟဲ့ စိုးစိုး ဘယ်လိုလုပ်လိုက်တာလဲဟင်"

စိုးမိုးနိုင်သည် ဖျတ်ခနဲမသီရိ၏ လက်ကိုနောက်သို့လှန်ချိုးထားလိုက်ပြီး မိခင်ဖြစ်သူ၏ မျက် နှာကို ဒေါသမျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

"မေမေ့ကောင်မ လမ်းမှာကျောင်းကကောင်တွေနဲ့ ကြာများနေလို့ ဆိုးမနေတာဗျ"

"မ မဟုတ်ရပါဘူး ကြီးကြီးနုရယ်သူ သူတို့သီရိဆီက စာအုပ်ငှားနေကြတာပါ"

"မေမေ့ကို အစကတည်းကပြောထားတယ်နော်၊ ဒီဟာမကို ကျောင်းဆက်မထားနဲ့ အပြင်မ လွှတ်နဲ့ လို့ ခုတော့ဇာတ်လမ်းက စချင်လာပြီ"

"စိုးစိုးရယ် သီရိမလိမ္မာရင်မေမေဆုံးမပါ့မယ် မင်း မင်းဘာမှအရမ်းမလုပ်ပါနဲ့"

"မေမေ ရှေ့ကနေကာဆီးကာဆီးလုပ်ပြနေနဲ့ မေမေမြှောက်စားလို့ ဒီဟာမကယောက်မ မြင်းစီးထွက်တော့မယ်၊ နောက်ဆို ကျွန်တော့်ကိုအဆိုးမဆိုနဲ့ ဒါပဲ "

မသီရိကို ဆောင့်တွန်းခဲ့ပြီး သူ့စက်ဘီးပေါ်သို့ လွှားခနဲတက်ကာ စိုးမိုးနိုင် ထွက်ခွာသွား၏ ။

မသီရိသည် မျက်နှာကို လက်ဝါးကလေးနှစ်ဖက်ဖြင့် အုပ်ကာတစ်အစ်အစ် အသံထွက် အောင်ငိုနေရှာသည်။

"မသီရိ ဘယ်လိုဖြစ်ကြတာလဲကွယ် ကြီးကြီးနုကို ပြောပြပါဦး"

"ကိုအောင်မိုးက သမီးတို့အတန်းထဲကပါ ဆရာမက သမီးရေးတဲ့အက်ဆေးကောင်းတယ် နမူနာတောင်းကြည့်ဆိုလို့သမီး ....... သမီးဆီကသူက စာအုပ်ငှားနေတာကို ကိုစိုးမိုးနိုင်က အ ထင်လွဲ ....လွဲ"

မသီရိသည် ဝမ်းနည်းလာသဖြင့်

စကားသံများတိမ်မြှုပ်ပျောက်ကွယ်သွားပြီး စိုးမိုးနိုင်လိမ်ခဲ့ သည့်အတွက် နာနေသောလက်ကို သူ့လက်ကလေးဖြင့်ဖိကာ ဖိကာနေရင်းရှိုက်ငိုနေ၏ ။

"သမီးရယ် သားလေးကစိုးရိမ်လွန်သွားတာ နေမှာပါ။ သူက သူ့ညီမလေးကို ရင်ဖိုတောင် အ သန်းခံချင်တဲ့သူမဟုတ်ဘူး လာလာအိမ်ထဲဝင် မှန်းစမ်း လက်နာသွားသလား

မတူးလူးဆေးဘူးယူခဲ့ပါကလေးကိုဆေးလူးပေးရအောင်လို့ ပြော် လက်ကိုပတ်ထားဖို့ ပတ်စရာတစ်ခုခုပါယူလာခဲ့"

"ဟုတ်ကဲ့"

ဒေါ်တူးသည်၊ အိမ်ထဲသို့အပြေးကလေး ဝင်ရောက်သွား၏ ။

*

ဒေါ်ခင်ခင်နုကတော့ မသီရိ၏ ပုခုံးလေးကို အသာဖက်၍ ချော့မော့နှစ်သိမ့်ယင်း ဧည့်ခန်း ဆီသို့ ခေါ်ဆောင်လာခဲ့သည်။

"နောက်တစ်နေ့...."

လက်ကောက်ဝတ်က နာပြီးရောင်နေသဖြင့် မသီရိတစ်ယောက် ကျောင်းမတက်နိုင်တော့ ပါ။

ကျောင်းသွားချိန်တွင် အဖော်ဖြစ်သောဆွေမွန်အိမ်သို့ ရောက်ရှိလာသည်။

မသီရိကိုကြည့်ပြီး ဆွေမွန်စိတ်မကောင်းဖြစ်သွားရသည်။

"ဝမ်းနည်းမနေပါနဲ့ သီရိရယ် စိတ်ကိုကောင်းကောင်းထားပါ

ညနေကျတော့ ဒီနေ့သင်တဲ့ စာ တွေနင်ကူးဖို့ငါ့စာအုပ်တွေလာပေးပါ့မယ်”

“ငါ ငါလက်နာနေတယ် ဘယ်ကူးနိုင်မှာလဲ နေပါစေ လာမပို့နဲ့”

“အယ် ဟုတ်သားပဲ ဒါဆိုနင့်စာအုပ်တွေ ငါယူသွားပြီးအတန်းထဲမှာပဲ ကူးလာပေးမယ်”

“နင် ဒုက္ခများလှပါတယ်”

“အချင်းချင်းပဲ ဒီလောက်တော့ ကူညီရမှာပေါ့၊ စာအုပ်တွေသာ ပေးလိုက်ပါ”

ဆွေမွန်သည် မသီရိ၏ စာအုပ်များကို တောင်းယူလိုက်သည်။

“ဟို သရဲကောင်ကော”

လေသံဖြင့် မသီရိ၏ နားနားသို့ ကပ်၍ ဆွေမွန်ကမေးလိုက်သည်။

“ခုနကပဲ ထွက်သွားပြီ”

“အဲဒီ သရဲကောင်ကို ငါကြည့်လို့ကိုးမရဘူး”

“ရှူး တိုးတိုး ကြီးကြီးနု ကြားသွားမယ်”

“ငါသွားမယ် အောင်မိုးကတော့ နင့်ဆီကငါကူးထားတဲ့ အက်ဆေးပဲပေးလိုက်မယ်”

“နင့် သဘောပဲလေ”

မသီရိသည် ဆွေမွန်၏ နောက်ကျောကလေးကို ညှိုးငယ်စွာဖြင့်ကြည့်ရင်း ကျန်ရစ်ခဲ့ပတော့ သည်။

*

“သမီးရယ် သွားနားနေပါ၊ လက်ကအနာနဲ့ အိမ်ကအလုပ်တွေ မတူးလုပ်ပါလိမ့်မယ်”

“သမီး ပျင်းနေလို့ပါ ကြီးကြီးနု”

“ကိုင်း ဒီလိုဆိုလဲ ဒီမှာထိုင်ပြီး ကြီးကြီးနု အလုပ်ကိုကူ”

“ဟုတ်ကဲ့”

အလုပ်ခန်းတွင် မသီရိသည် ဒေါ်ခင်ခင်နုနှင့်အတူ အလုပ်လုပ်နေစဉ် မျက်နှာသုပ်ပဝါ ခေါင်းပေါင်း၍ ရှမ်းလွယ်အိတ်ကြီးလွယ်ထားသော ဦးကြီးတစ်ယောက် ဆိုင်ခန်းထဲသို့ ဝင်လာ၏။

“ဘာကိစ္စများ ဆောင်ရွက်ပေးရမလဲရှင့်”

“ကျုပ် ပစ္စည်းတစ်ခုရထားလို့ ကြည့်ပေးစမ်းပါ၊ သူများက ခင်ဗျားတော်တယ်ဆိုလို့ ညွှန် လိုက်လို့ပါ”

ဦးကြီးက သူ့လွယ်အိတ်အတွင်းမှ အဝတ်စုတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို ဒေါ်ခင်ခင်နုတို့ စားပွဲပေါ်သို့ တင်ကာဖြေလိုက်သည်။

“ဒါ ကျောက်တော့ကျောက်ပဲ၊ ဘာကျောက်မှန်း ကျုပ်မသိလို့ပါ”

ဒေါ်ခင်ခင်နုသည် ကျောက်ချဉ်လိုလို၊ ကျောက်တုံးကိုယူပြီး လှည့်ပတ်ကြည့်နေကာ သူ့နံ ဘေးတွင်ထိုင်နေသော မသီရိကို ကြည့်လိုက်သည်။

“မသီရိသည် ထိုကျောက်ကို ဒေါ်ခင်ခင်နုလက်မှ ယူပြီးသေချာစွာ စစ်ဆေးကြည့်ရှုလိုက်ပြီး”

“ဒါ စိန်ရိုင်းတုံးကြီးပဲ ကြီးကြီးနု တန်ဖိုးတော့ မှန်းရခက်လိမ့်မယ်”

“ရှင်က ဒီကျောက်ကို ရောင်းဖို့လား”

“ရရင်ရောင်းချင်တာပေါ့၊ ကျောင်းအစ်မရယ်၊ ကျုပ်ကမိန်းမကို ဆေးကုဖို့ ငွေလိုနေတာဗျ၊ ဒီပစ္စည်းကို စိတ်ချယူ၊ ကျုပ်လယ်ထဲက ရခဲ့တာ၊ ဘယ်သူ့ဆီကမှ ခိုးဖွက်ယူလာတာမဟုတ်ဘူး”

“ဒါဆို စျေးဘယ်လောက်ရရင် ရောင်းမှာလဲဟင်”

“ကျောင်းအစ်မရယ်၊ ကျုပ်လောဘမရှိပါဘူး၊ ငါးထောင် တစ်သောင်းရလဲ ကျုပ်အတွက်ဖြစ် တယ်”

ဒေါ်ခင်ခင်နုက မသီရိမျက်နှာကို ကြည့်လိုက်သည်။

“ကြီးကြီးနု မရှုံးနိုင်ပါဘူး၊ ဒီကအဘကို နှစ်သောင်းပေးလိုက်ပါ”

“ကောင်းပြီလေ၊ သမီးက နှစ်သောင်းပေးခိုင်းနေတယ်၊ ကျေနပ်ပါတယ်တော်”

“အတိုင်းတက်အလွန်ပေါ့ ကျောင်းအစ်မရယ်”

ဦးကြီးသည် ကျေကျေနပ်နပ်နှင့် သူ့စိန်ရိုင်းတုံးကို ရောင်းချသွား၏ ။

ထို စိန်ရိုင်းတုံးသည် သူ့အားများစွာအကျိုးပြုမည်ကိုဒေါ်ခင်ခင်နု သိသဖြင့်လွန်စွာမှ ဝမ်း မြောက်ဝမ်းသာဖြစ်နေ၏ ။

“ကြီးကြီးနု မသီရိစျေးဖြတ်လိုက်တာ စိတ်မဆိုးပါဘူးနော်”

“မဆိုးပါဘူးသမီးရယ်၊ ကိုယ့်အတွက်အမြတ်အစွန်း ရှိမယ်ဆိုတာ ကိုယ်တိုင်လဲ သိနေတာပဲ ဥစ္စာ အဟင်း ....အဟင်း.....ဟင်း”

ထိုနေ့အဖို့တော့ ဒေါ်ခင်ခင်နုသည် သူဝယ်ယူထားသော စိန်ရိုင်းတစ်တုံးကို တစ်နေ ကုန်ကြည့်မဝ ရှုမဝနိုင်ဘဲ ဖြစ်နေ၏ ။

*

ညနေကျောင်းလွှတ်ချိန်တွင် ဆွေမွန်အိမ်သို့ ဝင်လာသည်။

"အတော်ပဲ နင့်ကိုတစ်ယောက်တည်း တွေ့ရတာ ၊ အောင်မိုးက သူ့ကြောင့် နင်နဲ့ ဟိုသူရဲ ကောင်ပြဿနာဖြစ်ရတာ စိတ်မကောင်းဖြစ်နေကြတယ်။ နင့်ကို တောင်းပန်လိုက်ပါတဲ့"

"ရပါတယ်ဟာ"

"သူလဲနင့်စာအုပ်ကို ဝိုင်းကူပြီး ကူးပေးလိုက်တယ်၊ ရော့ ဒီမှာ နင့်စာအုပ်တွေ ငါပြန်လိုက်ဦး မယ်"

"အေးအေး"

ဆွေမွန်ပြန်သွားသောအခါ မသီရိသည် ဒန်းပေါ်တွင် ထိုင်ပြီး ယနေ့ကျောင်းက သင်ကြား ပေးလိုက်သော သင်ခန်းစာများကို စာအုပ်လှန်၍ ကြည့်လိုက်ရာ၊ အတွင်းစာမျက်နှာတွင် စာရွက် ခေါက်ကလေး တစ်ခေါက်ကို တွေ့ရှိလိုက်ရသည်။

"ဟင်"

မသီရိသည် ဘေးဆီသို့ကြည့်ပြီး စာရွက်ခေါက်ကလေးကို အသာလှန်၍ ဖတ်ကြည့်မိလိုက် သည်။

မသီရိ

ကျွန်တော့်ကြောင့် မသီရိရဲ့ လက်ကောက်ဝတ်နာသွားရတယ်ဆိုတာ သိရတယ်၊ စိတ်မ ကောင်းလိုက်တာဗျာ၊ ဒီလိုတော့ စိုးစိုးက မသီရိကို အနိုင်မကျင့်သင့်ပါဘူး၊ ကျွန်တော့်ကြောင့် မသီ ရိအနာတရဖြစ်ရတာ မျိုး နောင်မဖြစ်ရအောင် ကျွန်တော် ရှောင်ပေးပါ့မယ်။ အင်္ဂလိပ်အက်ဆေး အ တွက် ကျေးဇူးတင်ပါတယ်၊ မသီရိစာတွေနောက်ကျမှာစိုးလို့ ကူကူးပေးလိုက်ပါတယ်၊

မသီရိ အမြန် ကျောင်းတက်နိုင်ပါစေလိုပလဲ ဆုတောင်းပေးလိုက်ပါတယ်။

ခင်မင်လျက်

အောင်မိုး

ဝိုင်းစက်လှပနေတဲ့ အောင်မိုးလက်ရေးနှင့် အကြင်နာလွှမ်းနေသော စာသားကလေးများ သည် အပျိုစင်မလေး သီရိ၏ ရင်တွင်းတွင် လိပ်ပြာကလေးအတောင်ပံခတ် နေသည့်နှယ်၊ ခံစား လာရစေပါ၏ ။

"ကိုအောင်မိုးရယ် စိုးစိုးနဲ့များ ကွာလိုက်တာရှင်၊ ရှင်သာ ကိုစိုးစိုးနေရာမှာဆိုရင်၊ ဒီအိမ်ကြီး မှာ သီရိနေရတာ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ ရှင်"

မသီရိသည် အိမ်ထဲက ဒေါ်တူးထွက်လာသည်ကိုတွေ့ရ၍ သူ့လက်ထဲက စာအုပ်ကို ဖျတ်ခနဲပိတ်လိုက်သည်။

"မသီရိ"

"ရှင် ကြီးကြီးတူး"

"ဂိတ်တံခါးမပိတ်နဲ့ဦးနော်၊ ဒေါ်တူး ကုန်စုံဆိုင် ခဏသွားမလို့"

"ဟုတ်ကဲ့ပါ"

မသီရိသည် စာအုပ်ကလေးများကို ပိုက်ကာ၊ သစ်ပင်ကြီး၏ ပင်စည်ကို ကျောမှီ၍ သက် တောင့်သက်သာ ထိုင်နေစဉ် သူ့အနီးသို့ စိုးမိုးနိုင် စီးလာသော ပြိုင်ဘီးသည် လျှောခနဲရောက်လာ ပြီး ရပ်တန့်သွားသည်။

မသီရိ ကိုယ်ကိုမတ်ခနဲ ပြန်ထောင်ပြီး စိုးမိုးနိုင်၏ မျက်နှာကို ကြည့်လိုက်သည်။

"နင့်လက်ထဲက စာအုပ်တွေကို ပေးစမ်း"

"ပေးဆိုပေးစမ်း၊ စကားရှည်မနေနဲ့"

ဆောင့်ခနဲ ဆွဲယူပြီး စာအုပ်များကို တစ်အုပ်ပြီး တစ်အုပ် စိုးမိုးနိုင်က ခါချလိုက်သည်။

နောက်ဆုံးစာအုပ်တွင်တော့ အောင်မိုး၏ စာကလေးသည် မြေပြင်ပေါ်သို့ လေတွင်ဝဲ၍ ကျ ရောက်သွားတော့သည်။

"အဟင်း"

စိုးမိုးနိုင်သည် မခိုးမခန့် တစ်ချက်ပြုံးပြီး မသီရိကို ကြည့်ကာ စာရွက်ကို ကုန်းကောက်လိုက် သည်။

မသီရိသည် သူ့အနီးတွင် တောင့်တောင့်ကလေးရပ်ကာ သူ့ကိုအာစေးထည့်ထားသကဲ့သို့ ကြည့်နေသည်။

"လာခဲ့ ခိုးထုပ်ခိုးထည်နဲ့ အမေ့ကိုပြမယ်၊ မဟုတ်ရင်အမေက နင့်ကို မခုတ်တတ်တဲ့ကြောင် လို့ မြင်ပြီး ငါ့ကိုကျတော့ လူဆိုးလူမိုက်လို မြင်တယ်"

မသီရိ၏ နာနေသော လက်ကောက်ဝတ်ကို ဖမ်းဆွဲကာ အိမ်ထဲသို့ ခေါ်ဆောင်သွားနေ သဖြင့် မသီရိခမျာ တအားအား နာကျင်စွာအော်ရင်း စိုးမိုးနိုင်၏ နောက်သို့ ယက်ကန် ယက်ကန် ဖြင့် ပါခဲ့တော့သည်။

"ဟဲ့ ဟဲ့ ဖြစ်ကြပြန်ပြီ ..... လွှတ်ပါဟဲ့ မိန်းကလေးခမျာ လက်နာနေရှာတာ"

ဒေါ်ခင်ခင်နုသည် ဧည့်ခန်းတွင်ထိုင်၍ စာရင်းတွက်နေရာမှ ပြူးပြူးပျာပျာနှင့် သား၏ လက် မှ မသီရိကို ဆွဲယူနေ၏ ။

"အမေ၊ ဒီဟာမ မလွယ်ဘူးလို့ ပြောတာ မေမေ မယုံဘူးမဟုတ်လား၊ ဒီမှာ ဒီစာဖတ်ကြည့်၊ ဒါဇာတ်လမ်းအစပဲ၊ အချိန်မီမထိန်းနိုင်ရင် အမေ့ဟာမ ဗွေဖောက်တော့မယ်။ ဆွေမွန်စာ သယ်လာ တယ်ဆိုတာသိလို့ တစ်ခါတည်း

ဖမ်းတာနဲ့ မိတာပဲ”

ဒေါ်ခင်ခင်နုသည် တုန်တုန်ရင်ရင်နှင့် စာကို ဖတ်ကြည့်လိုက်သည်။

“သားရယ်၊ စာမှာ ဘာပါလို့လဲ၊ ဖေတော့ မောင်တော့လဲ တစ်ခွန်းတစ်ပါဒမှ မပါပါလား၊ ဒါရိုး ရိုးသားသားခင်မင်ပြီး ရေးတဲ့စာလဲဖြစ်နိုင်တာပဲ၊ မင်း အထင်မှား ......”

“သူ့ကို ကျောင်းထုတ်ပစ်၊ သူ့ကြောင့် ကျွန်တော်ကြိုးစင်အတက် မခံနိုင်ဘူး၊ ဒါပဲ”

“ဘုရား .......ဘုရား ......ဘုရား”

မြင်မြင်သမျှကို ခြေဖြင့်ကန်ကျောက်၍ အိမ်ထဲမှ ထွက်သွားသော သားဖြစ်သူကိုကြည့်ကာ ပါးစပ်က ဘုရားတကာ သူ့ရင်ဝကို လက်နှစ်ဖက်ဖြင့် ဖိ၍ ဒေါ်ခင်ခင်နု မျက်စိကို မှိတ်ထားနေ၏ ။

“ကြီးကြီးနုရယ်၊ သမီးကို ဒီလောက်ကျောင်းမနေစေ့ချင်ဖြစ်နေရင်လဲ၊ ကျောင်းနုတ်လိုက်ပါ တော့ သမီးမတက်ချင်တော့ပါဘူး”

တရှိုက်ရှိုက်ငိုကြွေးရင်း မသီရိက ပြောလိုက်သည်။

“နေပါဦးကွယ်၊ ကြီးကြီးနုသားကို ပြောကြည့်ပါဦးမယ်”

“ရမယ် မထင်ပါဘူး၊ သမီးကျောင်းတက်ရင် သူ ဒီလိုပဲ အမျိုးမျိုးစွပ်စွဲပြီး ကိုအောင်မိုးတို့နဲ့ဖြစ် ကြတော့မှာ သမီးသိတယ်”

“ဟင်း ...... ခက်လိုက်တာနော်၊ ဘယ်လိုသန္ဓေဆိုးတဲ့သားကို ကြီးကြီးနု ရထားမှန်း မသိ တော့ပါဘူး မသီရိရယ်”

ထိုညမှာပင် အောင်မိုးတို့အုပ်စုနှင့် စိုးမိုးနိုင်တို့ အုပ်စုရိုက်ပွဲဖြစ်ကြပြီး နှစ်ဖက်စလုံး အထိနာ ခဲ့ကြ၏ ။

ဤသို့ မလိုလားအပ်သောပြဿနာ မိမိကြောင့်ဖြစ်ရသည်ကို သိသောအခါ မသီရိသည် ကျောင်းမှ အပြီးအပိုင်ထွက်ပစ်ဖို့ ဆုံးဖြတ်လိုက်တော့သည်။

ထို့နောက်တွင်တော့ ဒေါ်ခင်ခင်နု၏ မဟာမြိုင်ခြံကြီးထဲတွင် မသီရိခမျာ လှောင်ချိုင့်စံ မင်း သမီးကလေးဘဝသို့ ရောက်ရှိသွားခဲ့ရတော့သည်။

စိုးမိုးနိုင်သည် သူ့ကို ယခင်ကကဲ့သို့ အပြစ်မရှိ အပြစ်ရှာခြင်းမျိုး မပြုတော့သော်လည်း မကြာခဏဆိုသလို သူ့တစ်ကိုယ်လုံးအား စူးရဲသောမျက်လုံးအစုံဖြင့် ကြည့်ကြည့်နေခဲ့သည်ကို မသီရိ သတိထားမိလာသည်။

မသီရိ ရင် ဒိန်းဒိန်းခုန်ကာ ကြောက်အားတွေပိုခဲ့ရပါသည်။ အတတ်နိုင်ဆုံး သူနှင့်မျက်နှာ ချင်းမဆိုင်မိရလေအောင် မသီရိ ရှောင်နေခဲ့သည်။

"တစ်နေ့ ....."

ဈေးကအပြန်တွင် ဒေါ်ထူးသည် မသီရိအား မျက်ရိပ်ပြ၍ မီးဖိုဆောင်သို့ ခေါ်ခဲ့သည်။

"ဘာလဲဟင် ကြီးကြီးထူး"

တောင်တောင်မြောက်မြောက်တွင် အရိပ်အခြည်ကိုကြည့်ရင်း ဒေါ်ထူးက မေးလိုက်သည်။

"အပြင်ထွက်သွားတယ် မောင်မောင်ခန့်က စာကြည့်ဖို့လို့ ပြောပြီးခေါ်သွားတာပဲ"

"မမနုကော"

"သူ့အခန်းထဲမှာပါ၊ အထည်အပ်ဖို့ ရွေးသွားထုတ်နေတယ်"

"ကဲ ဒါဖြင့်ရော့ ဒီမှာစာ"

“ဟင် ….. ဘယ်…… ဘယ်ကစာလဲဟင်”

“စိန်စိန်သား မောင်အောင်မိုး ပေးလိုက်တဲ့ စာပဲ”

“ဘုရား….. ဘုရား”

မသီရိသည် စာကို လျင်မြန်စွာအင်္ကျီထဲထိုးထဲ့၍ ဖွက်လိုက်သည်။

“သူ …… သူနဲ့ ဘယ်မှာတွေ့တာလဲဟင်”

“သူက တမင်ကို ကြီးကြီးထူးကို စောင့်နေပြီး တွေ့တာပေါ့၊ သူငယ်လေးက သူတော်ကောင်းလေးပါ၊ မိဘမျိုးရိုးလဲကောင်းတယ်၊ ကြီးကြီးတူးကတော့ ညည်းဘဝလွတ်မြောက်ရေးအတွက်ဒီသူငယ်ကိုပဲ ရွေးသင့်တယ် ထင်လို့၊ သူ့စာကိုယူလာပေးတာပဲ၊ သွားသွားဖတ်ကြည့်ချဦး”

မသီရိသည် သူ့အိပ်ခန်းထဲသို့ဝင်ကာ အခန်းတံခါးကို ချက်ချပြီး ခုတင်စွန်းတွင်ထိုင်၍ စာ ကိုဖောက်ဖတ်လိုက်သည်။

မသီရိ

ဒီစာကို ကိုအောင်မိုး အရဲစွန့်ပြီး မသီရိဆီကို ရောက်အောင်ပို့ပေးလိုက်ပါတယ်။ မသီရိခံစား နေရတဲ့ ဒုက္ခတွေကို စဉ်းစားမိတိုင်း ကိုအောင်မိုးရင်နာရပါတယ်၊ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်တော့ မသီရိကို အသည်းနှစ်အောင် ချစ်နေမိလို့ ခံစားရတဲ့ဒုက္ခဆိုတာ သိမြင်လာရပါတယ်၊ မသီရိ ကိုအောင်မိုးရဲ့ မေတ္တာကိုလက်ခံပါ၊ ကိုအောင်မိုးကတော့ မသီရိကို စာမေးပွဲနောက်ဆုံးနေ့မှာ အပြီးခိုးပြေးဖို့ ဆုံးဖြတ်ထားပြီးပြီ၊ မသီရိဆီက စဉ်းစားပြီး အဖြေကလေးကိုသာ ကြီးကြီးထူးနဲ့ပါး လိုက်ပါ၊ ကျန်တဲ့အစီအစဉ်တွေ ကိုအောင်မိုး ထပ်ပြောပါ့မယ်၊ မသီရိရဲ့ဘဝ စိုးစိုးရဲ့ စက်ကွင်းမှာ ရေတိမ်မနစ်အောင် ကြိုးစားပြီး ရှောင်နေပါ၊ ကိုအောင်မိုး မျှော်လင့်ချက်ကြီးစွာနဲ့ မသီရိဆီက အဖြေကို စောင့်နေပါ့မယ်

မသီရိသည် စာကလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်၍ မျက်နှာတွင်ကပ်ကာ သည်းထန်စွာ ငို လိုက်မိသည်။

ကြင်နာသူ ပါးလိုက်သော မေတ္တာစာသည် မသီရိ၏ နုနယ်သော အသည်းနှလုံးကို ခိုက် သွားစေခဲ့ပါသည်။

ရုပ်ရည်သန့်သန့် တည်တည်ကြည်ကြည်နှင့် ယောကျ်ားပီသသော ကိုယ်လုံးကိုယ်ထည်၊ အရုပ်အမောင်းနှင့် အသားကလေးမဖြူမညိုရှိသော အောင်မိုးသည် မသီရိ၏ ရင်ကို ကနဦးက တည်းက ခုန်စေခဲ့သူပါ။

အောင်မိုးကို စိတ်ဝင်စားမိသော စိတ်များသည် စိုးမိုးနိုင်ကိုကြောက်ရသောစိတ်များအောက် တွင် ဖုံးလွှမ်းနေခဲ့သည်မို့ မသီရိမလှုပ်သာအောင် ရှိနေခဲ့ပါ၏ ။

ခုတော့ ပွင့်လင်းစွာတင်ပြလာသော မေတ္တာစာကို မသီရိရခဲ့ပါပြီ။

မသီရိဘက်က ဆုံးဖြတ်ဖို့သာ ကျန်ပါတော့သည်။

မဟာမြိုင်ခြံတွင် ကျရောက်နေသောဝင္ဂဆင်းရဲအတွင်းမှ ထွက်ပေါက်သည် ကိုအောင်မိုး သာလျှင် ရှိပါ၏ ။

မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်း ငြိလေပြီမို့ မသီရိ ရင်မှာ ကြည်နူးကြည်မွေ့ရပါ လေပြီ။

“ကိုအောင်မိုးရယ်၊ ရှင်ဟာ မသီရိရဲ့ ဘဝမီးအိမ်ပါ၊ ဆယ်တန်းစာမေးပွဲ ကြီးပြီးမယ့်နေ့ကို မသီရိ လက်ရေချိုးပြီး မျှော်နေပ့ါမယ်”

မသီရိသည်အတိုင်း စာတိုကလေးကို ရေးသား၍ ဒေါ်တူးနှင့်ပါးလိုက်သည်။

ဒေါ်တူးသည် မသီရိနှင့် အောင်မိုးကြားတွင် စာချွန်တော်ကြီးဖြစ်နေ၏ ။

“ဟဲ့ ကောင်မလေး၊ ဖတ်ပြီးတာနဲ့ မီးဖိုထဲထည့် တော်ကြာနော် တော်ကြာ”

“ဆုပ်လိုက်ပါတယ် ကြီးကြီးထူးရယ်၊ ဒီသန့်စင်တဲ့သူ့ရဲ့မေတ္တာစာတွေကို သမီး မီးလောင် တိုက် မသွင်းရက်ပါဘူး”

“ဟင် ....... အဖြစ်ကလဲ သည်းပါဘိအေ”

သူ့ကိုမျက်စောင်းထိုးလိုက်သော ဒေါ်တူးကိုကြည့်ကာ မသီရိသည် အသံကလေးများ ခိုးခိုး ခစ်ခစ်ထွက်စွာ ရယ်နေ၏ ။

“ဒီ အတူအရီး ဘာတွေ သဘောကျနေတာလဲဟင်”

ဒေါ်ခင်ခင်နု မီးဖိုဆောင်ထဲသို့ ဝင်လာသဖြင့် မသီရိမျက်နှာပိုး သတ်လိုက်သည်။

“ဘာမှမဟုတ်ပါဘူး၊ သူက လူကို ကစားစရာများမှတ်နေသလား မသိဘူး၊ တွေ့လိုက်ရင် ခါး တို့ ကျောတို့နဲ့”

ဒေါ်ထူးက အဖာအထေးကောင်း၊ အလျှောက်ကောင်းသဖြင့် မသီရိမှာ နေသာထိုင်သာဖြစ် သွားရ၏ ။

“သတင်းကောင်းပြောမလို့ သမီးဆီကိုလာတာ၊ ဟို စိန်ရိုင်းတုံးကလေ အပွင့်သန့်သန့် အနာ လွတ်လွတ် အလုံးနှစ်ဆယ်တောင်ရတယ်၊ အချိုကြီးကိုးရပြီ သမီးရေ”

“ဝမ်းသာလိုက်တာ ကြီးကြီးနုရယ်”

“ဟိုကျောင်းဒကာကိုလဲ ဘယ်နေတယ်ဆိုတာ စုံစမ်းပြီး ကြီးကြီးနုက ထပ်ပေးဦးမှာပါ၊ သူလဲ စားသင့်တယ်လေ”

“ဟောဒီ ငါ့သမီးလေးကိုလဲ စိန်တစ်လုံးနားကပ် တစ်ရန် လုပ်ပြီး ဆုချဦးမယ်”

မသီရိ ပခုံးကလေးကိုဖက်၍ ဒေါ်ခင်ခင်နုက ပြောလိုက်သည်။

“မသီရိ ဘာမှ မလိုချင်ပါဘူး၊ ခုလောက် မသီရိကို ကြည့်ထားတာပဲ ကျေးဇူးတင်လှပါပြီ၊ ကြီး ကြီးနုရယ်”

“အိမ်မှာ မိုက်လုံးကြီးတဲ့သားကို သမီးက သည်းခံပေးတာကိုလဲ ကြီးကြီးနုက ကျေးဇူးတင်ပါ တယ်၊ ကြီးကြီးနု
တကယ်အားကိုးအားထားပြုရတဲ့သူက သမီးပါ၊ သူမဟုတ်ပါဘူး၊ သြော် ..... ပြော ရဦးမယ်၊ မနေ့က ကိုဘသင်းနဲ့တွေ့ပြီး သမီးအဖေဆီက စကားပါးလိုက်သေးတယ်၊ သန်ဘက်ခါ သူမြို့တက်လာမယ်တဲ့”

“ဟုတ်ကဲ့ ကြီးကြီးနု”

“တစ်ခါတစ်လေ လာတုန်းလာခိုက် သမီးသူ့ကို စိတ်ဆင်းရဲမယ့်စကား မပြောပါနဲ့နော်၊ ကြီး ကြီးနု တောင်းပန်ပါတယ်ကွယ်”

မသီရိနဖူးပေါ်သို့ ကျနေသော ဆံနွယ်ကလေးများကို သပ်တင်ပေးရင်း ဒေါ်ခင်ခင်နုက ပြောလိုက်သည်။

“အဖေလာတိုင်း သမီး သူစိတ်ဆင်းရဲမယ့် စကားမပြောပါဘူး၊ စိတ်ချနေပါ ကြီးကြီးနုရယ်”

“လိမ်မာလိုက်တဲ့ သမီးလေး၊ ငါ့သမီးလေးပဲ ဖြစ်လိုက်ပါတော့အေ”

သူ့ပေါ်တွင် ကြင်နာသော၊ နားလည်သော၊ စာနာသော ဒေါ်ခင်ခင်နုကို မသီရိသည် စိုးမိုး နိုင်ကြောင့်သာမဟုတ်လျှင် ဘယ်သောအခါမှ

ဥပေက္ခာပြုမိလိမ့်မည်မဟုတ်။ ယခုတော့ .... သည် မဟာမြိုင်အိမ်ကြီးတွင် ကျီးလန့်စာစား နေရသည်ကဲ့သို့ ရှိလှသဖြင့် မသီရိလွတ်လမ်းကို မျှော်လင့်တမ်းတနေမိခဲ့ပါ၏ ။

ယခုတော့ မျှော်လင့်တမ်းတသော အခွင့်အခါကို ရရှိဖို့ လမ်းစကပေါ်လာလေပြီ။ ကယ် တင်ရှင် မင်းသားကလေးအောင်မိုး.......။

"ကိုအောင်မိုးရယ်၊ မျှော်လင့်ရတဲ့နေ့ကို ခုချက်ချင်းပဲရောက်လိုက်ပါတော့"

မသီရိသည် မချင့်မရဲ စိတ်များဖြင့် ရင်ထဲကျိတ်၍ ပြောလိုက်မိသည်။

*

မသီရိတစ်ယောက် မျှော်လင့်စောင့်စားခဲ့ရသော အချိန်ဆီသို့ရောက်လုပါပြီ။

မနက်ဖြန်စာမေးပွဲ နောက်ဆုံးဖြေပြီးလျှင် စောင်ပိုက်ကာ ပုဆိုးပိုက်ကာဖြင့် မသီရိသည် အောင်မိုး၏ နောက်သို့ လိုက်တော့မည်။

စွန့်စားရမည့် ကိစ္စအတွက် စိတ်တွေက လှုပ်ရှားနေသဖြင့် မသီရိအိပ်မရဘဲ ရှိနေပါ၏ ။ ခုတင်ပေါ်တွင် တောင်လှည့် မြောက်လှည့်လိုက်လုပ်နေမိစဉ် မသီရိအိမ်ခန်းတံခါးကို တစ်စုံတစ် ယောက်က ခေါက်လာ၏ ။

အသံက ခပ်အုပ်အုပ်သာဖြစ်သည်။

"ဘယ်သူလဲ"

မသီရိသည် ခုတင်ပေါ်တွင် ဆတ်ခနဲထထိုင်ပြီး မေးလိုက်သည်။

"ကိုယ်ပါ၊ ခေါင်းတွေသိပ်ကိုက်လာလို့ ဆေးသောက်ဖို့ ကော်ဖီတစ်ခွက် ဖျော်ပေးစိမ်းပါ၊ ဒေါ်ကျွဲကြီးကလဲ နိုးမရဘူး၊ အိပ်နေတာ သေနေသလိုပဲ"

"ဟုတ် ...... ဟုတ်ကဲ့၊ ခုဖျော်ပေးပ့ါမယ်"

အိပ်ရာပေါ်မှ လူးလဲထကာ ပြေနေသော ဆံပင်ကိုတစ်ပတ်လျှိုထုံးရင်း တံခါးဆီသို့ မသီရိ လျှောက်သွားလိုက်သည်။

တံခါးချက်ဖြုတ်ပြီးသည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ဦးသည် အိပ်ခန်းထဲသို့ ဝုန်းခနဲ ရောက် ရှိလာ၏ ။

"ဟင် ..... ရှင် ..... ရှင် ဘာလုပ် .....အား ....အု ....အု"

မသီရိ၏ စကားများ ဆုံးခန်းမတိုင်နိုင်တော့ပါ။

စိုးမိုးနိုင်၏ ကြမ်းတမ်းသောလက်များသည် မသီရိ၏ ပါးစပ်ကို ဖိပိတ်၍ မသီရိကို ကြမ်းပြင် ပေါ်သို့ လှဲချနေ၏ ။

မသီရိသည် သေအံ့မူးမူး ကြောက်စိတ်ဖြင့် လွတ်မြောက်အောင် ကြိုးစားသော်လည်း လူ ယုတ်မာတစ်ဦး၏ အကြံပက်စက်မှု စက်ကွင်းထဲတွင် ပန်းကောင်းအညွန့်ကျိုး ဖြစ်ခဲ့ရတော့သည်။

*

"ကြီးကြီးနု ...... ကြီးကြီးနု ...... ကြီးကြီးထူး သ ..... သမီးကို ကယ်ကြပါဦး"

မသီရိသည် ရူးသွပ်သွားသူတစ်ဦးကဲ့သို့ မဟာမြိုင် အိမ်ကြီးထဲတွင် လျှောက်ပြေးနေ၏ ။

အိပ်ရာမှ လူးလဲထလာကြသော ဒေါ်ခင်ခင်နုနှင့် ဒေါ်ထူးသည် မသီရိ၏ အသွင်သဏ္ဍာန် နှင့် မသီရိ၏ အိပ်ခန်းဝတွင် တံခါးပေါက်ကို လက်နှစ်ဖက်ဖြင့် တန်း၍ ခေါင်းငိုက်စိုက်ချထားနေ သော စိုးမိုးနိုင်ကို တွေ့လိုက်ရသောအခါ အခြေအနေကို ချက်ခြင်းသဘောပေါက်နားလည်သွားကြ သည်။

"ဟင်....... တိရစ္ဆာန်ကောင်၊ တိရစ္ဆာန်ကောင်...... နင် ....... နင်"

ဒေါ်ခင်ခင်နုသည် သူ့သားကို ပြေး၍ ကုတ်ဖဲ့ထုနှက်ရင်း ကြမ်းပြင်ပေါ်သို့ ပုံလျက်သားကျ သွား၏ ။

"ကြီးကြီးနု"

"မမနု ...... မမနု"

သတိလစ် မိန်းမောသွားသော မိခင်ဖြစ်သူကို စိုးမိုးနိုင်သည် ပွေ့ယူ၍ သူ့အိပ်ခန်းထဲက ခုတင်ပေါ်သို့ ပို့ပေးလိုက်သည်။

"မင်းကိုငါယူမယ်၊ မင်းကင့်ါမိန်းမပဲဖြစ်ရမယ်၊ မင်းအကြံတွေရေမျှောပစ်လိုက်၊ ခင်ဗျားကြီး လဲသတိထားနေ၊ အသားထဲကလောက်ထွက်နေတာ ကျုပ်မသိဘူးမှတ်လို့လား"

"မြတ်စွာဘုရား"

မသီရိမျက်နှာကို ဒေါ်ထူးက ထိတ်လန့်တကြား ကြည့်လိုက်သည်။

"ကြီးကြီးထူး လုပ်ပါဦး၊ ကြီးကြီးနု ဘာဖြစ်သွားပြီလဲ မသိဘူး"

မသီရိနှင့် ဒေါ်တူးတို့ အတော်ကြာအောင် ပြုစုပေးမှ ဒေါ်ခင်ခင်နု သတိပြန်လည်လာ၏ ။

"သမီးလေး"

ဒေါ်ခင်ခင်နုသည် မသီရိကို ဖက်၍ သည်းထန်စွာ ငိုလိုက်သည်။

မသီရိလည်း သည်းအူနှလုံးကြွေပြုန်းလုမတက် ဒေါ်ခင်ခင်နုကို ဖက်ကာ ငိုနေရှာ၏ ။

"အမေ"

ဒေါ်ခင်ခင်နုက မသီရိကို ဖက်ထားရင်း ဒေါသမျက်ဝန်းဖြင့် သားဖြစ်သူ၏ မျက်နှာကို ဆတ် ခနဲ ကြည့်လိုက်သည်။

"ကျွန်တော် မသီရိကို လက်ထပ်မယ်"

"ဘာ"

"ကျွန်တော် မသီရိကို လက်ထပ်မယ်လို့ အမေ့ကို ပြောနေတာပါ"

"မင်း ..... မင်း မသီရိကို လက်ထပ်ချင်ရင်လဲ လူလိုသူလို ငါ့ကိုပြောပါလား၊ မင်းခုလို တိရစ္ဆာန်လို ကျင့်ကြံတာကောင်းသလား ဟင်လူမိုက်"

'ကျွန်တော်မှားသွားပါတယ်"

"ဘာ ခုမှမှားတာလဲ၊ မင်းအမှားက ပြင်လို့ရတဲ့အမှားလား။ ခွေးတိရစ္ဆာန်ကောင်ရဲ့

ကျွန်တော် မသီရိကို လက်ထပ်မှာပဲ၊ အမေမသိဘူး၊ မသီရိက ကျွန်တော့်ကို မုန်းနေတာ၊ ကျွန်တော်သိတယ်၊ သူကမနက်ဖြန် ဟိုကောင်အောင်မိုးဆိုတဲ့ကောင်နဲ့ လိုက်ပြေးဖို့ စီစဉ်ပြီးနေပြီ၊ ဒါကို အမေမသိဘူးမဟုတ်လား"

"မင်း ဘာတွေ ရမ်းသန်းစွပ်စွဲနေတာလဲ"

"ကျွန်တော့်မှာ နားတွေ၊ မျက်စိတွေ အများကြီးပါ အမေ၊ မသီရိကို အောင်မိုးနဲ့ အောင်သွယ် ပေးနေတာ၊ ဟောဒီက အမေ့ရဲ့ လူယုံတော်ကြီး ဒေါ်ကျွဲပဲ"

"ဘာ"

"အမေ မေးကြည့်လိုက်စမ်းပါ၊ ဟုတ်လား၊ မဟုတ်ဘူးလားလို့"

ဒေါ်တူးသည် သူ့ထံသို့ ဒေါ်ခင်ခင်နုက ကြည့်လိုက်သဖြင့် ဦးခေါင်းကို ငုံ့ချထားလိုက် သည်။

ဒေါ်ခင်ခင်နုသည် အခြေအနေအရပ်ရပ်ကို သုံးသပ်မိပြီမို့ ပင့်သက်ရှိုက်လိုက်သည်။

"အမေ သူ့ကိုနားချပေးပါ၊ ကျွန်တော် အမြန်ဆုံးလက်ထပ်ချင်တယ်"

"မယူဘူး၊ သူ့ကိုမယူဘူး၊ လူယုတ်မာလက်ထဲမှာ ကျွန်မဘဝကို ဆက်အနစ်မွန်းမခံနိုင်ဘူး၊ ကျွန်မသေပစ်လိုက်မယ်"

"သမီး၊ သမီးလေး ခေါင်းကို အေးအေးထားပြီး စဉ်းစားပါကွယ်၊ မှားတာတော့မှားကုန်ပြီ၊ ဒီ ပြင်မရတဲ့ အမှားထဲက၊ ထွက်ပေါက်ကို ခေါင်းအေးအေးနဲ့ရှာကြရအောင်ပါ၊ သမီးလေးဘက်က အ မေရှိပါတယ်ကွယ်"

ဒေါ်ခင်ခင်နုသည် မသီရိကို အမျိုးမျိုးနားချပါသော်လည်း မသီရိကတော့ ခါးသီးစွာငြင်းဆန် နေ၏ ။

*

"မမနု.......မမနု"

"ဘာလဲ မတူး၊ အလန့်တကြားရှိလိုက်တာအေ"

"တိုးတိုးပြောရမယ့် စကားမို့ပါ၊ ဟို ကလေးမ၊ မလွတ်မလပ်ဖြစ်နေပြီနဲ့တူတယ်၊ မနက်စောစော ထထအန်နေတာ ကျွန်မတွေ့တယ်"

"ဟဲ့ ဟုတ်လား၊ ဒါကြောင့် ခုတလော သူ့ကိုကြည့်ရတာ တစ်မျိုးပဲလို့ ထင်သား၊ အဲဒါ ဘယ် လိုလုပ်ကြမလဲဟင်"

"ကျွန်မကလဲ ဘာလုပ်ကြမလဲလို့ မမနုကို မေးနေတာ"

"သူကတော့ စိုးစိုးကို ခါးခါးသီးသီးကို မုန်းနေတာ၊ ဒါနဲ့ ဟိုသူငယ်ကော ဟင် မတူး"

"မမနုကလဲ စာမေးပွဲပြီးကတည်းက ပျောက်သွားလိုက်တာ ခုအထိ သတင်းအစအနတောင် မကြားရတော့ဘူးတဲ့၊ မမနုက ဘာဖြစ်လို့ ခုမှ သူ့ကိုမေးနေရတာ လဲ"

"ငါလဲ မေးမိမေးရာ မေးလိုက်မိတာပါအေ၊ င့ါကိုလဲကူ စဉ်းစားပေးပါဦး၊ ငါ ဘာလုပ်ပေးရမှာ လဲ"

"သူ့ ကာယကံရှင်ရှိနေတာပဲ၊ မသီရိကိုပဲ ရအောင်နားချပေ့ါရှင်"

"အင်း ဒီလိုလုပ်မယ်အေ၊ ဟို ကိစ္စတွေ မပြောဘဲ စိန်မောင်ဆီကို အကြောင်းကြားခေါ်ပြီး သူ့သမီးကို နားချခိုင်းရမယ်၊ ကောင်မလေးက သူ့အဖေစကားဆိုရင် မြေဝယ်မကျနားထောင်တာ ငါသိတယ်"

"လုပ်မှာဖြင့်လဲ လုပ်လေ၊ အချိန်ဆွဲထားလို့ ရတဲ့ကိစ္စမျိုးမဟုတ်ဘူး"

"အေးပါအေ၊ ခဏနေရင် ငါ သန်းယဉ်ဆီသွားပြီး သူတို့ရွာကို လိုက်သွားပြီး စိန်မောင်ကို ခေါ်ခိုင်းလိုက်မယ်"

*

ဦးစိန်မောင် ရောက်လာမည့်နေ့တွင် ဒေါ်ခင်ခင်နုသည် ဘုတာရုံသို့

သွားကာ အကြို ထောက်လိုက်ပြီး လမ်းခရီးတွင် သူ့အစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

မုသားမပါ လက်မချောသည့်မို့ အချို့နေရာတွင် လိုတာထက်ပိုအောင် ဒေါ်ခင်ခင်နုက ဦး စိန်မောင်အား သမီးတောင်းခဲ့ပါသည်။

"အင်းလေ၊ ကျွန်တော်က အစ်မကြီးကိုယုံကြည်စိတ်ချလို့ ကျွန်တော့်သမီးကလေးကို ဝ ကွက်အပ်ထားခဲ့တာပဲ၊ သင့်သလို စီမံတာကို နာခံရမှာပေ့၊ အစ်မကြီးပြောသလို အစ်မကြီး ကျန်း မာရေးကလဲ မကောင်းဘူးဆိုတော့ သမီးလေးကို အားကိုးနိုင်တာပေ့၊ ကျွန်တော့်ဘက်ကတော့ ငြင်းစရာမရှိပါဘူး၊ သမီးလေးနားဝင်အောင် ကျွန်တော်ဖျောင်းဖျပေးပါမယ်။ စိတ်ချနေပါ"

"ဟော ဦးပါလား၊ ဘယ်တုန်းကရောက်တာလဲ"

တစ်ခါမှ အဖက်လုပ်၍ သူ့ကိုစကားမပြောတတ်သော စိုးမိုးနိုင်က သူ့ကို တရင်းတနှီးနှုတ် ဆက်လိုက်သဖြင့် ဦးစိန်မောင် အံ့သြသွားရသည်။

"ဒီနေ့ပဲ ရောက်တာ ငါ့တူ"

"အေးအေး ဆေးဆေးပဲမဟုတ်လား၊ အလုပ်ကောအဆင်ပြေရဲ့လားဟင်"

"အင်း ပြေတယ်ဆိုပါတော့ ငါ့တူရယ်"

"သမီးရေ၊ သမီး သီရိ၊ ဟောဒီမှာ ညည်းအဖေရောက်နေတယ်"

မသီရိသည် သောက်တော်ရေလဲနေရာမှ ဒေါ်ခင်ခင်နု၏ ခေါ်သံကြောင့် ဆတ်ခနဲ တုန်သွား ရှာ၏ ။

"အဖေ၊ အဖေရောက်လာပြီ၊ ဒုက္ခပါပဲ"

မသီရိသည် မျက်စိကိုမှိတ်၍ သူ့ရင်ဝကို လက်နှစ်ဖက်ဖြင့် ဖိထားနေ၏ ။

ပိတ်ထားသောမျက်ခွံများကြားမှ မျက်ရည်တို့သည် တိုးထွက်၍ စီးကျလာနေ၏ ။

"မသီရိရေ၊ ဒီကောင်မလေး ခေါ်တာမကြားဘူးနဲ့တူတယ်၊ ခြံထဲမှာများလား မတူး"

"မဟုတ်ဘူး၊ ဘုရားခန်းထဲမှာပါ၊ ခုနက ရေတော်လဲဖို့ တက်သွားတယ်"

"ဘုရားများရှိခိုးနေလား မသိဘူး၊ ကဲ စိန်မောင် သက်သောင့်သက်သာနေပေရော့၊ မတူး စိန်မောင်ကို စားစရာတစ်ခုခု လုပ်ပေးလိုက်"

"နေနေ မတူး ဘာမှမလုပ်နဲ့တော့ ခဏနေရင်ပဲ ထမင်းစားချိန်ရောက်တော့မှာပဲဥစ္စာ၊ ဒါနဲ့ ငါ့တူကြီးက ကျောင်းပြီးပြီဆိုတော့ ဘာဆက်လုပ်မယ် စိတ်ကူးသလဲဟင်"

"စာမေးပွဲအောင်ရင်တော့ တက္ကသိုလ်ဆက်တက်မယ်၊ မအောင်ရင်တော့ အမေ့လုပ်ငန်းကို ဝင်ကူရင်း စီးပွားရေးတစ်ခုခုလုပ်မယ်လို့ စိတ်ကူးတာပဲ၊ ဟော သူငယ်ချင်းလာခေါ်နေလို့ ကျွန် တော်အပြင်ခဏသွားလိုက်ဦးမယ်၊ ဦးနဲ့ အေးအေးဆေးဆေးညမှ စကားပြောကြမယ်နော်"

"အေးအေး"

စိုးမိုးနိုင်သည် စက်ဘီးသော့ကလေးကို ယူပြီး အိမ်တွင်းမှ ထွက်ခွာသွား၏ ။

"ငါ့ကောင် ဒီလိုတော့လဲ အတော်သား၊ အင်း ငါ့သမီးကလေး အကြောင်းမလှလို့ မိတစ်ဆိုး ကလေး ဖြစ်ရပေမယ့် တစ်မျိုးတော့လဲ ကံကအကောင်းသား၊ ဒီမဟာမြို့ငြင်မှာ ငါ့သမီးအခြား ဘာများတောင့်တစရာ လိုဦးမှာတဲ့လဲ၊ အားလုံးပြည့်စုံနေပြီပဲဟာ"

ဦးစိန်မောင်သည် ဆေးပေါ့လိပ်ကြီး တစ်လိပ်ကို မီးညှိသောက်ရင်း ပီတိနှလုံးဖုံး၍ နေပါ၏ ။

*

“ဟဲ့ သမီးလေး”

“ကြီးကြီးနု”

“ငိုနေတယ်ဟုတ်လား၊ သုတ်သုတ် မျက်ရည်တွေ မြန်မြန်သုတ်ပြီး မျက်နှာကို သနပ်ခါးမှုန့် လူးလိုက်၊ အောက်မှာ ညည်းလေးအဖေ ရောက်နေတယ်”

“အဖေ၊ အဖေ့ကို မသီရိမျက်နှာချင်းမဆိုင်ဝံ့ဘူး ကြီးကြီးနုရယ်”

“ညည်းလေးမှာ အပြစ်မရှိပါဘူးအေ၊ အပြစ်ရှိသူက ကြီးကြီးနုသားပါ၊ သမီးအဖေကို သမီး ချစ်တယ်မဟုတ်လား၊ စိတ်ဆင်းရဲစရာ မဖြစ်စေနဲ့နော်၊ ခံနိုင်ရည်မရှိရင်လဲ သေသွားနိုင်တယ်”

“စိတ်ချပါ၊ သမီး …… သမီးနဲ့ ဝဋ်ကြွေး အဖေ့ကို အကူးစက်တော့ မခံပါဘူး ကြီးကြီးနု”

“ငါ့သမီးလေး လိမ္မာလိုက်တာ၊ ကျန်းမာချမ်းသာပါစေအေ”

မသီရိသည် သူ့ပါးနှစ်ဖက်ပေါ်မှ မျက်ရည်စများကို ကြမ်းတမ်းစွာ သုတ်ချပြီး ၊ ဘုရားခန်းမှ ချာခနဲ လှည့်ထွက်သွား၏ ။

*

ဦးခေါင်းက ရှင်သန်နက်မှောင်လှသော ဆံပင်တွေကိုဖွတ်ပြီး နှစ်ဖက်ထိုး၍ ချထားကာ မျက်နှာတွင် သနပ်ခါးတွေမှုန် ထုံနေသော သူ၏ ချစ်သမီး သူ့ထံသို့ လျှောက်လာနေသည်ကို ဦးစိန် မောင်သည် ကြည်နူးစိတ် တသိမ့်သိမ့်ခံစားရင်း လှမ်းကြည့်နေမိ၏။

"အဖေ"

"သမီး ........ သမီးလေး"

"ဒါနဲ့ ဖေဖေ ဝါခေါင်လယ်လောက်မှပဲ လာတော့မယ်ဆို"

"ဟုတ်တယ်သမီး၊ အစကတော့ ဒီအတိုင်းပဲ စဉ်းစားထားတာ၊ ခုတော့ အဖေစိတ်ကူးပြောင်း သွားပြီ၊ ဒီဝါတွင်းမှာ သင်္ကန်းစည်းရင်ကောင်းမလားလို့၊ သမီးအမေအတွက် အဖေထိထိရောက် ရောက် ကုသိုလ်မလုပ်ရသေးဘူးလေ"

"အို ကောင်းတာပေါ့ အဖေရယ်၊ အဖေဘယ်နေ့လောက် ဝတ်ဖို့စိတ်ကူးလဲဟင်"

"နေဦးသမီး၊ အဖေ့မှာ သမီးနဲ့တိုင်ပင် နှီးနှောစရာလေးတွေ ပြီးမြောက်အောင် လုပ်ပြီးမှ နေ့ သတ်မှတ်မှာ"

မသီရိသည် အံ့သြသော မျက်နှာကလေးဖြင့် စကားအဆန်းပြောနေသော ဖခင်ဖြစ်သူကို ကြည့်လိုက်သည်။

"ဘာများလဲ အဖေ"

"သိရမှာပေါ့ သမီးရယ်၊ ဖြည်းဖြည်းပေါ့၊ ကဲ အဖေ့အတွက်အကြမ်းတစ်အိုးလောက် အရင် လုပ်ခဲ့ပါဦး"

"ဟုတ်ကဲ့ ပါဖေဖေ"

မသီရိသည် မီးဖိုဆောင်သို့ဝင်၍ ဖခင်ဖြစ်သူအတွက်

လက်ဖက်ရည်ကြမ်းတစ်အိုးကို လျှင် မြန်သွက်လက်စွာ ဖောက်ယူလိုက်သည်။ ပြီးလျှင် စားပွဲပေါ်တွင် အသင့်ရှိနေသော ယွန်းလက်ဖက် အုပ်ကလေးကိုပါ လင်ပန်းတွင်ထည့်ယူကာ ဖခင်ထံသို့ ပြန်လာခဲ့သည်။

“သမီးတို့ အတွက် ထန်းမြစ်နဲ့ ကောက်ညှင်းထုပ်တွေ ကောက်ညှင်းကျည်တောက်တွေပါ လာသေးတယ်”

“ဟုတ်ကဲ့ပါ ဖေဖေ”

“ဖေဖေ့အနားမှာ ထိုင်ပါဦးသမီးလေးရယ်”

ဦးစိန်မောင်သည် သမီးဖြစ်သူ၏ လက်ကလေးကို ဆွဲကာ သူ့အနီးတွင် ထိုင်စေလိုက် သည်။

“အဖေ၊ သမီးကို ဘာပြောမလို့လဲဟင်”

ဖခင်၏ မျက်နှာကို စူးစူးစမ်းစမ်းကြည့်ရင်းက မသီရိမေးလိုက်ပါသည်။

“သမီးကို အဖေ နောင်ရေးစိတ်ချရအောင်လို့ အိမ်ထောင်ပြုပေးမလို့ပါ သမီး”

“ရှင်”

မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်စွာဖြင့် မသီရိသည် ဖခင်၏ မျက်နှာကို ကြည့်နေ၏ ။

“သမီးရယ်၊ ဒီလောက်ကြီး ထိတ်လန့်တုန်လှုပ်သွားဖို့မလိုပါဘူး၊ ခုကတည်းက သင့်မြတ်တဲ့ လူနဲ့ အဖေတို့က နေရာချထားပေးလိုက်ရင် အဖေလဲ ဝတ္တရားကျေမယ့်၊ သမီးလဲ လင်ကောင်း သားကောင်းရသွားမယ်”

“နေ…… နေပါဦး အဖေရယ်၊ သမီးက သမီးက ဘယ်သူ့ကို လက်ထပ်ရမှာလဲ ဟင်”

“စိုးစိုးကိုပါ သမီး”

“အောင်မလေး”

မသီရိက နားနှစ်ဖက်ကို တင်းကျပ်စွာ ပိတ်ထား၍ ဖခင်ဖြစ်သူ၏ မျက်နှာကို တုန်လှုပ် ချောက်ချားစွာ ကြည့်နေ၏။

“စိုးစိုးက လူတစ်မျိုးလေးဆိုတာ အဖေသိပါတယ်၊ ဒါပေမယ့် သမီးလက်မခံနိုင်လောက် အောင် ဆိုးသွမ်းတဲ့လူ မဟုတ်ပါဘူး၊ တစ်မိသားနဲ့ တစ်မိသားက အတွင်းသိ အစင်းသိတွေဆို တော့ ဘာမှ ဆိုးဆိုးဝါးဝါးတွေ မဖြစ်နိုင်ပါဘူးလို့ ဖေဖေယုံကြည်တယ်။ ပြီးတော့ မမနုကလဲ သူ့သားကို သမီးနဲ့မှ စိတ်ချနိုင်မှာ သမီး၊ ဒီတော့ အဖေ့ဆန္ဒကို အဖေ့သမီးကလေးဖြည့်ဆည်းပေး နိုင်မယ်လို့ အဖေယုံကြည်တယ်ကွယ်”

မသီရိ၏ ရင်ထဲတွင် ဝမ်းနည်းစိတ်များ တလိပ်လိပ်တက်၍ နေ၏။

စိတ်ကို ကြိုးစားထိန်းချုပ်ထားသည့်ကြားကပင် မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်စတွေ ပြည့် လျံကာ ဝဲလည်၍ နေ၏။

ဦးခေါင်းကို ငုံ့ချလိုက်သည်တွင် မျက်ရည်တို့သည် သူ၏ ပေါင်ပေါ်သို့ တဖြုတ်ဖြုတ် ဝဲကြွေ ကျ၍ လာတော့၏။

“သမီးလေးရယ်၊ ဝမ်းသာရမယ့်ကိစ္စကို မျက်ရည်ကျနေရတာ လဲ၊ မိန်းကလေးတစ်ယောက် အဖို့ ခိုင်လုံတဲ့ ဘဝတစ်ခုကိုရဖို့ လိုတယ်၊ သမီး သိပ်ကံကောင်းတယ်၊ အဖေနဲ့သာအတူနေတာဆို ရင် သမီးဆယ်တန်းအထိလဲ ပညာသင်ခွင့်ရမှာမဟုတ်ဘူး၊ အဖေ့အနေနဲ့က သမီးလေးကို ဝမ်းဝ အောင်ကလွဲလို့ စွမ်းဆောင်နိုင်တာမှ မဟုတ်ဘဲ”

“သ……သမီး အတွက် ဒါတွေမလိုပါဘူး သမီး သမီးအဖေနဲ့ အတူနေရရင် ထမင်းကြမ်းခဲ ကို ယပ်ခတ်စားလဲရပါတယ်၊ အဖေရယ် သမီး ………

သမီးကို ရွာကိုပဲ ပြန်ခေါ်သွားပါလား အဖေ”

“သမီး ဒီစကားမျိုးမပြောနဲ့၊ မမနုတို့ စေတနာတွေကို စော်ကားသလိုဖြစ်မယ်၊ လူကြီးတွေ က စီစဉ်တာ လူငယ်တွေဘဝသာယာဖြောင့်ဖြူးစေ့ချင်လို့ ဘာလဲ သမီးက အဖေ့ဆန္ဒတွေကို မ လိုက်လျောနိုင်တာလား ဟင်”

မျက်ရည်လည်ရွဲသော မျက်လုံးကလေးများဖြင့် ဖခင်ဖြစ်သူ၏ မျက်နှာကိုကြည့်ကာ မသီရိ သည် ခေါင်းယမ်းနေ၏ ။

“အေး ........ အဖေ့ကို ကလန်ကဆန်မလုပ်ဘူးဆိုရင် အဖေ စီမံတာကို သမီးက မြေဝယ်မ ကျ နားထောင်၊ ဒါပဲ”

မသီရိဘာများ အထွန့်တက်နိုင်ပါတော့မည်နည်း။

“အဖေရယ်၊ အဖေဘာမှ မသိဘူး၊ လူယုတ်မာတစ်ယောက်ရဲ့ ညွှတ်ကွင်းမှာ သမီးမိသွား တာ အဖေမသိဘူး၊ သာယာနေတဲ့ သမီးဘဝ အမှောင်ကျသွားတာ အဖေမသိဘူး၊ အဖေ့ကို သမီး ဘယ်လို ဖွင့်ပြောနိုင်မှာလဲ”

မထွေးနိုင် မအန်နိုင်ရှိလှသော မျက်နှာကလေးဖြင့် မသီရိသည် ဖခင်ဖြစ်သူ မျက်နှာကို တစ်ချက်ကြည့်ပြီး ဦးခေါင်းကို ငုံ့ချထားလိုက်တော့သည်။

*

လူယုတ်မာက အောင်ပွဲခံနိုင်ပြီမို့ ကော်လာထောင်နေသည်။

မသီရိမှာတော့ ကမ္ဘာမြေကြီးအက်ကွဲထွက်ပြီး သူ့ တစ်ကိုယ်လုံးကို မြိုသွားပါစေတော့ဟု ဆုတောင်းမိနေ၏ ။

"စိန်မောင် ရှင်ဘယ်လို စီစဉ်ချင်သလဲ၊ ပြော၊ မီးသတ်ခန်းမမှာ ဆောင်ပေးရမလား၊ အိမ်မှာပဲ ဆောင်ပေးရမလား၊ ဘုန်းကြီးကျောင်းပဲ ကောင်းမလားပဲ"

"ဒါက မမနုကောင်းသလို စီစဉ်ပါဗျာ"

"မီးသတ်ခန်းမမှာဆိုရင် ကောင်းတာပေ့ါ အမေရဲ့"

"ဟင့်အင်း၊ ဟင့်အင်း ဘာမှ ခမ်းခမ်းနားနား လုပ်စရာမလိုဘူး၊ အိမ်ရှေ့ခုနစ်အိမ် နောက်ဖေး ခုနစ်အိမ် အသိအမှတ်ပြုလိုက်ရင် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်တာပါပဲ၊ သမီးကတော့ သံ ဃာငါးပါးကို မင်္ဂလာဆွမ်းပဲ ကပ်လိုက်ချင်တယ်"

"သမီး လူကြီးတွေ စီမံတာကို နာခံလေ"

"အဖေတို့ ဆန္ဒကို သမီးလိုက်ခဲ့ပြီပဲ၊ ခု သမီးဆန္ဒကိုအဖေတို့ လိုက်လျောပေးပါ၊ သမီး .....သမီး မင်္ဂလာဆွမ်းပဲကျွေးချင်တယ်"

"ကဲပါ၊ ကဲပါ ဒီကိစ္စအတွက် အချေအတင်ဖြစ်နေကြရင် မကောင်းပါဘူး၊ သမီးလေး ဆန္ဒကို ကျွန်မလိုက်လျောပေးလိုက်ပ့ါမယ်၊ သားကလဲ ကျေနပ်လိုက်ပါကွယ်"

စိုးမိုးနိုင်သည် ကျေနပ်ဟန်မရှိသော်လည်း အရေးထပ်ဆိုခြင်း မပြုဘဲ ငြိမ်နေ၏ ။

နောက်ဆုံးတွင်တော့ မသီရိ၏ ဆန္ဒအတိုင်း နေ့ကောင်းရက်သာရွေး၍ သံဃာတော်ငါးပါး ကို ပင့်ကာ မင်္ဂလာဆွမ်းကျွေးပြီး အရပ်ကို အသိအမှတ်ပြုစေလိုက်သည်။

ထိုနေ့ လူပျိုညု နောက်ဆုံးနေ့ ကျင်းပပွဲတွင် စိုးမိုးနိုင်သည် သူငယ်ချင်းတစ်အုပ်နှင့် ခြံထဲ တွင် ဝိုင်းဖွဲ့စားသောက်ရင်း အလွန်အကျူးပျော်မြူး၍

နေ၏ ။

သည်အချိန်တွင် ဆောက်တည်ရာမရသောစိတ်ဖြင့် မသီရိသည် သူတို့အတွက် ပြင်ဆင် ထားသော အိမ်ခန်းထဲတွင် ရှိနေရှာ၏ ။

"မသီရိ"

"တစ်နေ့လုံး ဘာမှမစားမသောက်နဲ့ ကြီးကြီးတူးယူလာတာလေး နည်းနည်း လေးဖြစ်ဖြစ် စားပါကွယ်"

မသီရိသည် ဒေါ်တူး၏ လက်ထဲတွင် ကိုင်ထားသော လင်ပန်းပေါ်မှ အစားအသောက်များ ကို တစ်ချက်သာကြည့်ပြီး မျက်နှာလွှဲဖယ်ထားလိုက်သည်။

"မသီရိ မစားချင်ပါဘူး ကြီးကြီးတူးရယ်"

"ညည်းလေးကတော့ မစားနိုင်၊ မသောက်နိုင်နဲ့ ဟိုအောင်ပွဲရ မိစ္ဆာကောင်ကတော့ သူ့အ ပေါင်းအသင်းတွေနဲ့ မြူးပျော်ပြီး မှိုဆို့နေလိုက်တာ ဘီလူးစီးနေသလိုပါပဲ၊ အောချရမလောက်ဖြစ် နေတယ်၊ မီးဖိုထဲမှာလဲ အိုးပြောင်လုဖြစ်နေပြီ အော့နှလုံးနာလိုက်တာအေ"

"ပျော်ပါစေ၊ ပျော်ပါစေ မသီရိကတော့ ကိုယ့်မှာ ဝဋ်ရှိလို့ ခံနေရတာပဲလို့ သဘောထားလိုက် ပြီရှင်၊ သဘောထားလိုက်ပြီ"

မသီရိထံမှ နင့်နင့်နဲနဲ ရှိုက်သံကလေးများပေါ်ထွက်လာ၏ ။

"မသီရိရယ်၊ သမီးဘဝကို ဒီမိစ္ဆာကောင်လက်ကလွတ်စေချင်လွန်းလို့ ကြီးကြီးတူး ကူညီခဲ့ တာပဲ၊ ညည်းကိုယ်က ကံဆိုးလှပါတယ်အေ"

*

မဟာမြိုင်အိမ်ကြီး၏ အောက်ထပ်ညှော့ခန်းမှ ရောမနာရီကြီး၏ ထိုးသံကို မသီရိလည်း အ ချက်တိုင်းကြားမိနေ၏ ။

စိုးမိုးနိုင်၏ အပေါင်းအသင်း အဖော်တစ်သိုက်သည် သီချင်းတွေ မူးရူးအော်ဟစ်၍ သီဆိုပြီး တစ်ဦးကိုတစ်ဦးတွဲမှီကာ မဟာမြိုင်ခြံအတွင်းမှ ထွက်သွားချိန်သည် ညသန်းခေါင်ဖြစ်၏ ။

လှေကားပေါ်သို့ တက်လာနေသော မူမမှန်သည့် ခြေသံကို နားစွင့်ရင်း မသီရိလည်း ထွက် သက်က လည်ချောင်းထဲသို့ ရောက်ရှိလာနေ၏ ။

စေ့ထားသော တံခါးကို စိုးမိုးနိုင်သည် ဟင်းလင်းပွင့်အောင် တွန်းဖွင့်လိုက်ပြီး အတွင်းသို့ ရုတ်ခြည်းမဝင်ဘဲ အိပ်ခန်းဝမှ လှမ်းကြည့်လိုက်သည်။

မသီရိလည်း ပြတင်းပေါက်တစ်ခုကို ကျောပေး၍ ရပ်ကာ စိုးမိုးနိုင်ကို သရဲသဘက် တစ် ကောင်ကိုမြင်လိုက်ရသည့်ကဲ့သို့ ကြည့်နေ၏ ။

“ငါက နင့်ယောကျ်ားပါ၊ ဒီမနက်မှ ပူပူနွေးနွေး လက်ထပ်ထားတဲ့ ယောကျ်ား၊ တစ္ဆေ၊ သရဲ မဟုတ်ဘူး၊ ကဲ ဘယ်မှာလဲ ငါ့အဝတ်အစားတွေ ပေးပါဦး”

မသီရိသည် ခုတင်ခြေရင်းတွင် အသင့်ထားသော ပုဆိုးနှင့် အင်္ကျီကိုယူ၍ စိုးမိုးနိုင်အား ပေး လိုက်သည်။

“ဒီလိုမှပေါ့”

မသီရိ မျက်နှာကို တစ်ဖက်သို့ လွှဲဖယ်၍ ရပ်နေ၏ ။

“မသီရိ ငါ့နေရာမှာ ဟိုကောင် အောင်မိုးသာဆိုရင် မင်းမျက်နှာက ပျားရည်လို ချိုမြနေ မှာ နော်”

မသီရိသည် စကားတုံ့ပြန်ခြင်းမရှိဘဲ ဆိတ်ဆိတ်သာ နေနေ၏ ။

“သူ့ကိုမင်းပါးစပ်ကလဲ စကားလှလှတွေ ကရားရေလွှတ်သလို တတွတ်တွတ်ပြောနေမှာပဲ နော်”

မသီရိသည် နှုတ်ခမ်းသားထောင့်စွန်းကလေးကို ပြတ်လုမတတ် ကိုက်ထားနေ၏။

"ဒီမှာ မိန်းမ၊ ငါ့မျက်နှာကိုကြည့်စမ်းပါဦး"

စိုးမိုးနိုင်သည် မသီရိ၏ ပုခုံးနှစ်ဖက်ကို တင်းကျပ်စွာ ကိုင်လိုက်သည်။

မသီရိသည် ဆတ်ခနဲ သူ့မျက်လုံးများကို ရင်ဆိုင်ကြည့်မိလိုက်သည်။

"မင်းက လင်ရှိမယားတစ်ယောက်ဖြစ်နေပြီ၊ အခြားတစ်ယောက်ယောက်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့၊ မင်းကျေနပ်တာ မကျေနပ်တာ ငါနားမလည်ဘူး၊ ငါလိုချင်တာက မင်းငါ့အပေါ် မယား ဝတ္တရားကျေပွန်ရမယ်၊ ခြေသုတ်ပုဆိုး မြွေခွံယ်ကျိုးလို ဖြစ်ရမယ်၊ ငါ့ကိုပဲ ချစ်ရမယ်"

"ရှင် ......... ရှင် မူးနေရင်လဲ အိပ်ပါတော့၊ ကျွန်မကိုလွှတ်ပါ"

"အို ငါမမူးဘူး၊ ငါလုံးဝ မမူးဘူး မင်းက ငါမူးလို့ပြောနေတယ်ထင်နေတာလား၊ မဟုတ်ဘူး၊ မ ဟုတ်ဘူး၊ ကဲ ၍ ငါမေးတာဖြေပါဦး၊ မင်းငါ့ကို ချစ်နိုင်မလား"

"ရှင် ...... ကျွန်မကို ရနေပြီပဲ၊ ဒီစကားတွေ မေးမနေပါနဲ့ တော့လား"

"မရဘူး၊ မင်းရဲ့ ဟောဒီပါးစပ်က ဖြေတာ ငါ့နားနဲ့ ဆတ်ဆတ်ကြားချင်တယ်၊ ကဲဖြေကွာ၊ မြန်မြန်လေး"

"ကျွန်မရင်ထဲမှာ သစ္စာအပြည့်နဲ့ အသက်ထက်ဆုံးချစ်နိုင်တဲ့သူ ချစ်တဲ့သူဟာ တစ်ယောက် တည်းပဲရှိတယ်၊ အဲဒါရှင်တော့မဟုတ်ဘူး ကိုစိုးစိုး"

"ဘာကွ"

စိုးမိုးနိုင်သည် မသီရိ၏ ပုခုံးနှစ်ဖက်ကို ဆတ်ခနဲ ပြန်ကိုင်ကာ ဆွဲခါလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မရဲ့ အချစ်ကိုရဖို့ ရှင်တစ်သက်လုံး မမျှော်လင့်နဲ့၊ ဒါ ကျွန်မရဲ့ နောက်ဆုံး စကားပဲ ကိုစိုးစိုး"

"ဒီနေရာမှာတော့ မင်းက တယ်အသည်းမာသကိုး၊ အဟင်းဟင်း ကောင်းပြီလေ၊ မင်းဘယ် လောက် အသည်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့"

စိုးမိုးနိုင်သည် မသီရိကို ဆောင့်တွန်းခဲ့ပြီး ရေချိုးခန်းထဲသို့ ဝင်သွား၏။

မသီရိသည် ခုတင်စွန်းတွင် ထိုင်ချကာ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ အသံများထွက် အောင် ရှိုက်ငိုနေ၏။

စိုးမိုးနိုင်သည် ရေချိုးခန်းတံခါးကို ဂုန်းခနဲမြည်အောင် ဆောင့်ဖွင့်ပြီး ခြေသံတစ်ဒိုင်းဒိုင်းနှင့် အောက်ထပ်သို့ ဆင်းသွားပြန်သည်။

သန်းခေါင်သန်းလွဲ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် မဟာမြိုင်ခြံတွင် အသံဗလံတွေ ကထွက်ပေါ်နေ၏။

အိပ်ရာမှ လန့်ဖျပ်၍ နိုးလာကြသော ဒေါ်ခင်ခင်နုနှင့် ဒေါ်တူးတို့သည်လည်း အိမ်၏ ညွှဲ့ ခန်းဆီသို့ ရောက်ရှိလာကြတော့သည်။

"မင်း အချိန်မတော်ကြီး ဘာဖြစ်နေတာလဲဟင် စိုးစိုး၊ လူကြားမကောင်း၊ သူကြားမကောင်း နဲ့ ကွယ်"

"အမေ့ချွေးမကြောင့် အသံထွက်ရတာ ၊ တောက်၊ မပြောလိုက်ချင်ဘူး၊ မရလိုက်တဲ့ ကောင် ကို လွမ်းနာကျနေတယ်၊ ကျွန်တော်စိတ်ရှိလက်ရှိ လုပ်လိုက်ရရင် သေတော့မယ်"

"ဟဲ့ ဟဲ့ မင်း မသီရိကလေးကို ကြမ်းကြမ်းတမ်းတမ်းတော့ မလုပ်နဲ့နော်၊ သူ့မှာ မင်းကိုယ်ဝန် ကို ဆောင်ထားနေရရှာတာ"

"ဗျာ"

ကိုယ်လုံးကြီးကို ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသည်ကဲ့သို့ တွန့်ခနဲ

ဖြစ်သွားပြီး မိခင်၏ မျက် နှာကို စိုးမိုးနိုင်က ချောက်ချားစွာ ကြည့်လိုက်သည်။

"ဗျာမနေနဲ့၊ ကောင်မလေးမှာ ကိုယ်လေးလက်ဝန်ကြီးနဲ့ မင်းသူ့ကို ညှာပါ၊ ဒါပဲ မင်းကို မေမေ ပြောချင်တယ်"

စိုးမိုးနိုင်သည် အိမ်ပေါ်ထပ်ဆီသို့ ဖျတ်ခနဲ ကြည့်လိုက်သည်။

တံခါးဝဆီမှ အောက်ထပ်သို့ ကြည့်နေသော မသီရိလည်း အိမ်ထဲသို့ ချာခနဲ ပြန်လှည့်ဝင် ကာ တံခါးကို ပိတ်သွား၏ ။

"အမေ ဒီကိစ္စ ကျွန်တော့်ကို ဘာဖြစ်လို့ မပြောတာလဲ"

"ဒီကိစ္စကြောင့်ပဲ၊ သူ့အဖေကို အမေကရအောင်ခေါ်ပြီး မင်းတို့လက်ထပ်လို့ရအောင် ကြိုး စားခဲ့တာပေါ့၊ ဒီကလေးဟာ မင်းရဲ့ကလေး မင်းရဲ့ သွေးအစစ်၊ ရှေးကသာ အကြောင်းတွေ ရှိခဲ့ ရှိခဲ့ မင်း မသီရိကလေးကို ညှာရမယ်၊ ကြင်နာရမယ်၊ တာဝန်ယူရမယ်နော် စိုးစိုး"

"ဟုတ်ကဲ့ပါ"

"သွား မင်းသူ့ကို သွားချော့လိုက်၊ မေမေတို့ အသက်ကြီးပြီ စိတ်ချမ်းချမ်းသာသာနေချင် တယ်၊ ပြဿနာ ဘာမှမဖြစ်ပါစေနဲ့ ကွယ်"

"အမေသွားအိပ်ပါ၊ စိတ်ချလဲနေပါ၊ သားသူ့ကို ဘာပြဿနာမှ မလုပ်ပါဘူး"

ဒေါ်ခင်ခင်နုသည် ဒေါ်တူးကို မျက်ရိပ်ပြပြီး အသီးသီးကိုယ့်အိပ်ခန်းကိုယ် ဝင်သွားကြတော့ သည်။

*

“မသီရိ ........ မသီရိ”

ပိတ်ထားသော တံခါးကို အသာထုရင်း စိုးမိုးနိုင်က အသံ အုပ်အုပ်ဖြင့် ခေါ်လိုက်သည်။

မသီရိက မထူးပါ။

“မသီရိ တို့ကို စိတ်မဆိုးပါနဲ့ကွာ၊ မသီရိ စိတ်ဆင်းရဲအောင် တို့ ဘာမှမလုပ်တော့ပါဘူး”

အတွင်းက တုတ်တုတ်မျှလှုပ်သံ မကြားရပါ။

စိုးမိုးနိုင်သည် တံခါးဝတွင်ထိုင်ချပြီး တံခါးရွက်တွင် ကျောကပ်ကာနေလိုက်သည်။

သည်မင်္ဂလာဦးမှာတော့ စိုးမိုးနိုင်သည်၊ ပိတ်ထားသော အိပ်ခန်းဝတွင် ခွေလှဲကာ အိပ်စက် လိုက်ရပါတော့သည်။

*

ဒေါ်ခင်ခင်နုသည် သူ၏ သားဖြစ်သူက မသီရိအပေါ်တွင် လိုက်လိုက်လျောလျော ရှိပုံပြနေ သော်လည်း မသီရိက ရှောင်ဖယ်ရှောင်ဖယ် လုပ်နေသည်ကို ဘဝင်မကျနိုင်ဖြစ်လာ၏ ။

တစ်နေ့တွင် မသီရိအား ဒေါ်ခင်ခင်နုက ဆုံးမစကားပြောဆိုလာ၏ ။

“လူ့ပိုျဘဝမှာ ဘယ်လောက်ပဲ ဆိုးဆိုး အိမ်ထောင်ကျပြီးရင် မိန်းမရဲ့ ပြုပြင်လမ်းပြ၊ သိမ်း သွင်းမှုတွေကြောင့် လူဆိုးတစ်ယောက်ဟာ လူကောင်းဖြစ်လာနိုင်တယ်၊ ကြီးကြီးက မသီရိကို သား ကိုပြုပြင်နိုင်လိမ့်မယ့်

မိန်းကလေးလို့ ယုံကြည်ကိုးစားမိတယ်၊ မသီရိပြီးခဲ့တာတွေကို ခဝါချပြီး သာယာလှပတဲ့ အိမ်ထောင်တစ်ခု တည်ထောင်ဖို့ ကြိုးစားပါလို့ ဒေါ်ဒေါ်နု ပြောချင်တယ်။ မသီရိရဲ့ လက်ထဲမှာ သားဟာ အဖတ်ဆယ်မရအောင်ပျက်စီးသွားမှာကိုတော့ မလိုလားဘူးကွယ်၊ မသီရိ လွယ်ထားရတဲ့ ရင်သွေးအတွက် မားမားမတ်မတ်ရပ်တည်ပေးမယ့် ဖခင်တစ်ယောက်လိုအပ်တယ် နော့”

မသီရိသည် ယောက်ခမကြီး၏ မျက်နှာကို မဲ့ပြုံးကလေးဖြင့်သာ နှုတ်ဆိတ်၍ ကြည့် နေသော်လည်း မသီရိရင်ထဲတွင် ရင်တွင်းစကားတွေ မြောက်များစွာ ပြောမိနေ၏ ။

“လူတစ်ယောက်ရဲ့ ဘဝတစ်ခုလုံးကို ထုံးလိုမွှေရေလိုနှောက်ပြီးကာမှ ဘွာခတ်သတဲ့လား ရှင်၊ ဗီဇကိုက ဆိုးသွမ်းယုတ်ကမ်းလာတဲ့လူတစ်ယောက်ဟာ ပြုပြင်လို့ရော ကောင်းလာမတဲ့လား၊ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲနေမှာပေ့ါ၊ မသီရိရဲ့ ဝမ်းနဲ့လွယ်ထားနေရတဲ့ ကလေးအတွက် မားမားမတ်မတ် ရပ်တည်ပေးရမယ့် ဖခင်မလိုပါဘူးရှင်၊ မသီရိရင်သွေးကို မသီရိ လူတစ်လုံး သူတစ်လုံးဖြစ်အောင် စွမ်းဆောင်ပေးနိုင်မယ့် မိခင်တစ်ယောက်ပါ”

“မသီရိ”

“ရှင်”

မသီရိသည် အတွေးလွန်သွားရာမှ ဒေါ်ခင်ခင်နု၏ မျက်နှာကို လန့်ဖျပ်၍ ကြည့်လိုက်သည်။

“ကြီးကြီးနုပြောတဲ့ စကားတွေ နားထဲမှ ဝင်ရဲ့လားဟင်”

“ဝင်ပါတယ်”

“အေး ...... ဒါဆိုလဲ ညည်းတို့နှစ်ယောက် သင့်သင့်မြတ်မြတ်

နေကြတော့အေ”

“မသီရိသူ့ကို ရန်မလိုပါဘူး၊ ကိုယ့်ဝတ္တရား ကိုယ့်တာဝန်ကျေအောင် လုပ်ပါတယ်၊ မသီရိ ဘက်က ဝတ္တရားပျက်ကွက်ရင်၊ ကြိုက်သလို ပြောနိုင်ပါတယ် ကြီးကြီးနု”

“ခက်လိုက်တာအေ၊ ဝတ္တရား ကျေနေရုံနဲ့ မပြီးဘူးလေ၊ သူကြားချင်တဲ့စကား၊ သူနေချင်စေ့ တဲ့ အနေအထားညည်းလေးမှ မလိုက်လျောတာပဲ ဥစ္စာ”

“ဒါတော့ ကြီးကြီးရယ် သူ့ကို မသီရိစုံမက်လို့ ယူခဲ့ရတာ မှမဟုတ်ဘဲ၊ ရင်ထဲမှာတစ်စက်က လေးမှ မရှိတဲ့စကားကို မသီရိ မပြောနိုင်ပါဘူး၊ မသီရိရင်ထဲက အချစ်ဟာ ဆယ်သက် ဆယ်ကမ္ဘာ မက ချစ်နေရယ့် လူတစ်ယောက်ဆီမှာ ပါသွားပြီ ကြီးကြီးနု၊ နောက်ထပ်ဖန်တီးယူလို့လဲ ဘယ်လို မှ မရနိုင်တော့ဘူး”

“မသီရိ ပြောလေကဲလေ၊ မန်းလေပြဲလေပါပဲလား၊ ပျော့စိပျော့စိနဲ့ တော်တော်ခေါင်းမာတဲ့ ဟာမလေးပဲ”

“ခေါင်းမာတာ မဟုတ်ပါဘူး ကြီးကြီးနု၊ ရင်ထဲမှာအရှိကို အရှိအတိုင်း မသီရိ ပြောနေတာပါ “ရှင်

“အမေ၊ ဒီကောင်မကို ဘာမှ ခယပြီးပြောနေစရာ မလိုဘူး”

“ဟင် ….. သား ……. သား”

“သူ့ကိုယ်သူ ဘာများမှတ်နေသလဲ မသိဘူး၊ သူများအရောင်တင်လို့ ပြောင်လာတဲ့ မိန်းမက များ၊ အမေတို့ပြောနေတာတွေ အားလုံး ကျွန်တော်အပြင်ဘက်ကနေ အားလုံးကြားတယ်၊ ဒီ လောက်အသည်းမာနေတဲ့ မိန်းမကို ကျွန်တော် တရိရိချွေပြမယ် ကြည့်နေ”

ဒေါ်ခင်ခင်နုသည် ဒေါသထွက်နေသော သူ့သားရှေ့မှာ ရုတ်တရက် ဝင်၍

ကာဆီးလိုက် သည်။

“သား ....... သား အမေတောင်းပန်ပါတယ်၊ သူ့မှာ ကိုယ်လေးလက်ဝန်ကြီးနဲ့ ပါကွယ်”

“လေးလေးကြီးကြီးဗျာ၊ ဒီကလေးလဲ သိပ်စိတ်မဝင်စားတော့ပါဘူး၊ သူ့ကို ဦးမထောင်နိုင် အောင် ကန်ချင်တဲ့စိတ်ပဲရှိတော့တယ်”

“ဟဲ့ .......... ဟဲ့ သားဘယ်လိုပြောလိုက်တာလဲ”

“မမနု ........ မမနု”

“အောက်ထပ်မှာ ဦးပဥ္စင်းရောက်နေတယ်”

ဒေါ်ခင်ခင်နုသည် သား၏ ရင်ဘတ်ကို လက်စုံဖြင့်ပုတ်ခဲ့ပြီး အောက်ထပ်ဆီသို့ အပြေး ကလေးဆင်းလာ၏ ။

“ရှင် ....... ရှင် ဒီလိုတော့ အဖေ့ကို မစော်ကားပါနဲ့ ၊ ရှင့်စကားကို ပြန်ရုပ်သိမ်းပါ”

တစ်ချိန်လုံး နှုတ်ဆိတ်နေခဲ့သော မသီရိသည် ရဲရဲတောက် ရန်ထောင်လိုက်ပါသည်။

“မရုပ်သိမ်းတော့ မင်းဘာလုပ်ချင်သလဲ၊ ပြောစမ်း ပြောစမ်း”

“လူယုတ်မာကိုဟောဒီလို ပါးရိုက်ဆုံးမလိုက်ချင်တယ်”

“ဖြန်း”

မသီရိသည် စိုးမိုးနိုင်၏ ပါးကို တစ်အားလွှဲရိုက် ချပစ်လိုက်သည်။

“ဒေါသအိုးကို မီးထိုးပေးသည့်နှယ် ဖြစ်သွားကာ စိုးမိုးနိုင် ကြမ်းပါလေတော့ပြီ .....”

သူသည် မသီရိကို ဘယ်ပြန်ညာပြန် ပါးပြန်ရိုက်ပြီး ထိုးကြိတ်

ကန်ကြောက်နေသဖြင့် ဒေါ်တူးက ကုန်းအော်တော့၏ ။

“အောင်မလေး၊ လာကြပါဦး ဒီမှာ သီရိကို စိုးမိုး သတ်နေပါပြီ”

“ဟာ”

“အောင်မလေး၊ ဒုက္ခ ...... ဒုက္ခပဲ”

ဦးပဥ္စင်း ဦးပညာသီဟလည်း ဒေါ်ခင်ခင်နုနောက်သို့ ပြေးတက်လိုက်ခဲ့ရာ ကြမ်းပြင်ပေါ်တွင် ပုံလျက်သားလဲကျသတိလစ်နေသော ချစ်သမီးလေးကို တွေ့မြင်လိုက်ရသည်။

“သမီး .............. သမီး”

မသီရိထံသို့ ပြေးသွားပြီး ဦးခေါင်းကို ပွေ့ယူလိုက်သည့်အခါတွင် မျက်နှာတွင် ဒဏ်ရာဒဏ် ချက်များကို တွေ့မြင်လိုက်ရသည်။

တစ်သက်နှင့်တစ်ကိုယ် လက်ဖျားနှင့်တောင် မထိ မတို့ရက်ခဲ့သော သမီးကလေး၏ ဖြစ်အင်ကို တွေ့မြင်လိုက်ရသည့်တစ်ခဏတွင် ဦးစိန်မောင်သည် ရင်ဆို့၍ အသက်စင်းစင်းထွက် သွားခဲ့ရရှာ၏ ။

“အောင်မလေး ကိုစိန်မောင်ရယ်၊ ရှင့်ကို ဆေးကုပေးဖို့ ခေါ်တာ၊ ခုတော့ တစ်ခါတည်း သတ် ပစ်လိုက်သလို ဖြစ်သွားပါရောလား၊ ဟီး ...... ဟီး ......ဟီး”

စိုးမိုနိုင်သည် မျက်လုံးပြူးကြီးများဖြင့် ဦးစိန်မောင်ကို ကြည့်ပြီးနောက်သို့ ခြေဆုတ်ဆုတ် သွားပြီး အခန်းပြင်သို့ ရောက်သည်နှင့် လှေကားပေါ်မှ တဒိုင်းဒိုင်းပြေးဆင်းသွားတော့သည်။

*

စိုးမိုးနိုင်နှင့် ပတ်သတ်၍ မသီရိ၏ အသည်းနှလုံးတွင် ရရှိခဲ့သော အရှုံးရာတို့သည် ပိုမို၍ နက်ရှိုက်သည်ထက် နက်ရှိုင်းလာပါတော့သည်။

သားဖြစ်သူ၏ ဆိုးသွမ်းမိုက်ကန်းသော အကျင့်စရိုက်နှင့် အပြုအမူတို့ဒဏ်ကို မိမိကိုယ်တိုင် လည်း မခံစားနိုင်သည်ဖြစ်၍ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ဒေါ်ခင်ခင်နုသည် လည်းတစ်နေ့တ ခြား ကျန်းမာရေး ချို့ယွင်း၍ လာတော့သည်။

မသီရိ သမီးလေး ရွှန်းလဲ့သာကို မဖွားမီတစ်လအလိုတွင် စိတ်ထောင်းကိုယ်ကြေဖြစ်နေ သော ဒေါ်ခင်ခင်နုတစ်ယောက် ကွယ်လွန်အနိစ္စရောက်ခဲ့၏ ။

ထိုအခါ အချိန်ကြာမြင့်စွာ မဟာမြိုင်မှ ပျောက်ကွယ်သွားခဲ့သော စိုးမိုးနိုင်သည် တစ်ကျော့ ပြန်ပေါ်လာပြီး မဟာမြိုင်အိမ်ကြီးနှင့်တကွ၊ ရှိရှိသမျှသော အတွင်းပစ္စည်းမှန်သမျှကို လက်ဝါးကြီး အုပ်၍ ချုပ်ယူလိုက်ပြီး မသီရိကို အိမ်ပေါ်တွင်မနေနိုင်အောင် စက္ကမဆိုင်း ညှဉ်းပန်းနှိပ်စက်မှုတွေပြု နေ၏ ။ နောက်ဆုံးတွင်တော့ မဟာမြိုင်သည် အိမ်ကြီးပေါ်မှ သမီးလေး ရွှန်းလဲ့သာကို ပိုက်ကာ အိမ်ဖော်မကြီး ဒေါ်တူးကို အမှီသဟဲပြု၍ ဆင်းခဲ့ပါသည်။

“မသီရိ ညည်းလေးက သွေးနဲ့သားနဲ့ ဘာမှ စိတ်မကောင်းစရာတွေ တွေးမနေနဲ့၊ ညည်းလေး ကို ငါ့မိသားစုက ထမင်းတစ်လုပ်တော့ ဝအောင်ကျွေးနိုင်ပါတယ်အေ၊ ညည်းလေး ဒီကောင့်လက် ကဒီလောက်နဲ့ လွတ်သွားတာပဲ ကံကြီးတယ်မှတ်”

ဒေါ်ထူးက ငယ်ချစ်ဟောင်း မောင်အောင်မိုးနှင့် ဆက်သွယ်ဖို့ ပြောလာ၏ ။ မိမိဘဝအ ကြောင်းက မလှခဲ့ပြီမို့ အောင်မိုးကို ဆက်သွယ်ဖို့ ငြင်းခဲ့ရပါသည်။

ဒေါ်တူး၏ အားပေးမှုနှင့် ပြုစုယုယမှုကို အပြည့်အဝခံစားရသည်မို့

မသီရိမှာ သောင်ပြင် လွတ်သည့် ခွေးဘဝအဖြစ်ဆိုးမှ သီသီကလေးလွတ်မြောက်ခဲ့ရပါ၏ ။

မသီရိ၏ ငယ်ချစ်ဟောင်းအောင်မိုးကတော့ မသီရိနှင့် သူဒီဘဝဒီမျှသာပဲဟု ဆုံးဖြတ်ပြီး သည့်နောက်တွင် လုံးဝခြေရာဖျောက်ကာ ပျောက်ကွယ်သွားတော့သည်။ မဆုံစည်းခွင့်မရသူတစ် ဦးအတွက် မသီရိတစ်ယောက်ကျိတ်၍ မျက်ရည်ကျခဲ့ရပါသည်။

တစ်နေ့တွင် ဒေါ်တူးသည် သင်္ဘောဆိပ်မှ အပြန်တွင် မဟာမြိုင်နှင့် ပတ်သတ်သော သ တင်းကို ယူဆောင်လာ၏ ။

“မသီရိ ...... မသီရိ”

“အမောတကောနဲ့ ဘာဖြစ်လာတာလဲအမေ”

ဒေါ်တူး၏ သားက မိခင်ဖြစ်သူကို ဆီးမေးလိုက်သည်။

“ဟို လူမိစ္ဆာအကောင်ရဲ့သတင်းကို ဆိပ်ကမ်းမှာကြားလာခဲ့လို့ဟဲ့ ထွန်းဖေရဲ့ .......”

“ဘာကြားလာတာလဲ ကြီးကြီးတူး”

မသီရိသည် သမီးကလေးကို အိမ်ခန်းထဲတွင် သိပ်ခဲ့ပြီးမှ အပြင်ခန်းသို့ ထွက်လာကာမေး လိုက်သည်။

ဒေါ်တူးသည် ခေါင်းတွင်ပေါင်းထားသော တဘက်ကိုဖြုတ်ယူ၍ မျက်နှာကို သုတ်လိုက်ပြီးမှ သူ့အနီးတွင် ထိုင်လိုက်သောမသီရိကို ကြည့်လိုက်ပါသည်။

“ဒင်းတို့ မဟာမြိုင်ကို ရောင်းပြီးသွားကြပြီ မသီရိ ဒင်း နောက်မိန်းမ တစ်ယောက်ပါလာသ တဲ့ တော်”

“နောက်ဆုံးတော့ဒီလိုပဲ ဖြစ်မယ်ဆိုတာ မသီရိသိပါတယ်

ကြီးကြီးထူးရယ်”

“ကုန်မှာပါ ကုန်မှာပါ လက်ထဲရှိတာလဲကုန်ရော သူ့ဟာမက သူ့ကို ကန်မှာပဲ ဗေဒင်မေးစ ရာမလိုဘူး”

“ဒါလဲသူ့ထိုက်နဲ့ သူ့ကံပဲပေါ့ ဘာတတ်နိုင်မှာလဲရှင်”

“အင်း ညည်းလေးကတော့ တကယ့်ကိုး အဆိပ်အတောက်မရှိတဲ့မြွေပဲ၊ ညည်းသမီးကလေး အတွက်ကတော့ရသင့် ရထိုက်တာ ရရမှာပေါ့”

“နေပါစေတော့ မသီရိ ခြေအကောင်းလက်အကောင်းပါ၊ အဆိုးထဲကအကောင်းထွက်တယ် ပြောရမယ်၊ ကြီးကြီးနုသင်ပေးခဲ့တဲ့ ကျောက်မျက်ပညာက မသီရိတစ်သက် စားမကုန်နိုင်တဲ့ ပညာ ဖြစ်မှာပါ၊ မသီရိကတော့ ရန်ကုန်ကိုဆင်းပြီး ဒီပညာနဲ့ အသက်မွေးဖို့ ဆုံးဖြတ်ထားတယ်၊ သမီးလေးက ငယ်နေသေးလို့သာ”

“ဒါဆိုလဲ အဆက်အသွယ် လေးရအောင် ရှာကြတာပေါ့အေ”

မသီရိသည် ကိုယ်တတ်ကျွမ်းသော ပညာဖြင့် သမီးလေး ရွှန်းလဲ့သာ ဆယ်နှစ်သမီး ရောက်ရှိသည်အထိ ရှာဖွေကျွေးမွေးပြုစုလာခဲ့သည်။

သမီးလေးရွှန်းလဲ့သာ ဆယ်နှစ်သမီးအရွယ်တွင် ဇလွန်မြို့မှ ရွှေပွဲစား စိန်ပွဲစား တစ်ဦး၏ အဆက်အသွယ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

သူနှင့်အတူ ဒေါ်တူးလည်း တစ်ပါထဲ လိုက်ပါလာခဲ့သည်။

ပွဲစားဒေါ်နှင်းတင်က ရွှေဘုံသာလမ်းရှိ ပြည့်ဖြိုးလျှံ ရတနာကုန်တိုက်ကြီးသို့ မသီရိကိုခေါ် ဆောင်လာပြီး မန်နေဂျာထွန်းသောင်းဦးနှင့် မိတ်ဆက်ပေးခဲ့သည်။

မန်နေဂျာထွန်းသောင်းဦးသည် ရုပ်ရည်ကလေးသနားကမားရှိလှသော မသီရိကို မြင်လျှင် မြင်ချင်း ကြင်နာသနားစိတ်များဝင်မိလာသဖြင့်

မသီရိအလုပ်အကိုင်ရရှိရေးအတွက် ရတနာတိုက် ပိုင်ရှင်ကို ချဉ်းကပ်ပေးခဲ့သည်။

ရတနာကုန်တိုက်ပိုင်ရှင် ဦးမြတ်သူအောင်နှင့် ဇနီး ဒေါ်ခင်ခင်လေးတို့သည် မသီရိ၏ ကျောက်မျက်ပညာတတ်ကျွမ်းမှုအစွမ်းကို အံ့သြချီးကျူးမိကာ မသီရိအား အလုပ်ခန့်အပ်လိုက်ကြ သည်။

ကျောက်မျက်ပေါ်တွင် မသီရိ၏ ရာဖြတ်မှု၊ ရွေးခြယ်အားကောင်းမှုတို့ကြောင့် ရတနာ တိုက်တွင် အကျိုးအမြတ်များရ၏ ။ ရက်ကာလများမကြာမီ တိုးတက်ပွားများလာခဲ့သည်။ ထို့အတူ ရတနာလောကတွင် မသီရိ၏ အမည်မှာလည်း မွှေးပြန့်၍ နေပါတော့သည်။

*

“မသီရိ၊ ဒီအိမ်ကလေးကိုပဲ ယူပါ၊ ပတ်ဝန်းကျင်လဲကောင်းတယ်၊ လူရေသန့်တွေလဲများ တယ်၊ သွားရေးလာရေးလဲ အဆင်ပြေတယ်၊ ပြီးတော့ သမီးလေး သာသာကျောင်းတက်ရင်လဲ ဘာ မှပူစရာမလိုတော့ဘူး၊ ကျောင်းသွားကျောင်းပြန်လဲ ဒေါ်တူးလိုက်ပို့ လိုက်ကြိုလို့ရတယ်”

ရတနာတိုက်မန်နေဂျာ ကိုထွန်းသောင်းဦး၏ ဖေးမစွမ်းဆောင်ပေးမှုကြောင့် မသီရိတို့သား အမိသည် အောက်တန်းမကျသော နေအိမ်ကလေးတစ်ခုတွင် နေခွင့်ရရှိခဲ့၏ ။

ဦးထွန်းသောင်းဦးသည် မသီရိတို့ သားအမိရှေ့မှ မားမားမတ်မတ်ရပ်တည်ပေးမှုကြောင့် လည်း စော်ကားမော်ကားမည့်သူများ ဘေးမှလည်း ကင်းဝေးနေရပေ၏ ။

ဤသို့နှယ် နေလာရင်းက တဖြည်းဖြည်းနှင့် မသီရိ၏ သမီးကလေး

ရွှန်းလဲ့သာသည် အလှ သွေးကြွယ်သည့်ဘဝသို့ ရောက်ရှိလာ၏ ။

£ငွေသိက္ခာရှိရှိလေးနှင့် သူမတူအောင် အလှဂုဏ်ပြည့်နေသော သမီးလေးရွှန်းလဲ့သာကို ဝိုင်းဝန်းပိုးပန်းလာကြသူများကြားတွင် မိမိ၏ အလုပ်တိုက်ပိုင်ရှင်၏ တစ်ဦးတည်းသောသား ဇာနည် အောင်လည်း ပါဝင်လာသဖြင့် မသီရိမှာကျေနပ်ဝမ်းသာခြင်းဖြစ်နေရပါ၏ ။

ဇာနည်အောင်သည် ရွှန်းလဲ့သာထက် ခြောက်နှစ်လောက် ကြီးပြီးဆေးတက္ကသိုလ်တက်နေ သော ဆေးကျောင်းသားတစ်ဦးဖြစ်၏ ။

မိန်းမသားနှစ်ဦးတည်းဖြစ်ပေမယ့်လည်း အနေအထိုင်ကျစ်လစ်ပိရိသော ဤမုဆိုးမသားအ မိကို ဇာနည်၏ မိဘများလည်း လိုလားနှစ်သက်မှု ရှိကြသည်။ သို့ဖြစ်၍ ဇာနည်နှင့် ရွှန်းလဲ့သာတို့၏ အချစ်ရေးသည် သာယာဖြောင့်ဖြူး၍ နေသည်မှာ မဆန်းပါ။

*

( ၂ )

"မသီရိ"

"ဟင်"

ကိုယ်ကလေး ဆတ်ခနဲ တွန့်သွားပြီး မသီရိသည် ထွန်းသောင်းဦးကို ကြည့်လိုက်သည်။

"ဘာတွေများ ဒီလောက်တောင် အတွေးကျွံသွားတာလဲဟင်၊ မသီရိရဲ့ မျက်နှာလေးကို ညှိုး နေတာပဲ"

မသီရိဘက်သို့ စောင်းငဲ့ကြည့်ပြီး ထွန်းသောင်းဦးက မေးလိုက်သည်။

"အတိတ်က ခါးသီးစရာကောင်းတဲ့ အကြောင်းတွေကို အတွေးပြန်ရောက်သွားခဲ့မိတယ် ကိုထွန်းရယ်"

"အတိတ်က ဘာအကြောင်းတွေပဲ ရှိရှိ မေ့ပစ်လိုက်ပါ မသီရိရယ် မသီရိတို့ သားအမိ ရှေ့ လျှောက်ရမယ့်ခရီးက ဖြောင့်ဖြူးသာယာနေပြီပဲဗျာ"

"စိတ်ဆိုတာ အစိုးမရတော့လဲ အခက်သားပဲ၊ ထိန်းထားတဲ့ကြားက တစ်ခါတစ်ခါတော့ လွတ်ထွက်သွားတာပဲ"

"မသီရိ"

"ရှင်"

"နှစ်ယောက်တည်း အခုလိုသွားရတဲ့ အခွင့်အရေးလေးမကုန်ဆုံးခင် နားပူနားဆာလုပ်ပါရ စေ၊ ကိုယ်ပြောထားတဲ့ စကားတွေကို လေးလေးနက်နက် စဉ်းစားပေးပါနော်"

မသီရိသည် ပင့်သက် မှျင်းမှျင်းကလေးချရင်း ထွန်းသောင်းဦး၏ မျက်နှာကိုကြည့်ကာ ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

ပြည့်ဖြိုးလျှံ ရတနာတိုက်ရှေ့တွင် ကားကို ထွန်းသောင်းဦးပတ်ကင်ထိုးနေစဉ် ကားပေါ်မှ ရှေးဦးစွာ ဆင်းသွားသော မသီရိသည် ကုန်တိုက်အတွင်းသို့ အလျင်ဝင်လိုက်သည်။

ရတနာတိုက်စောင့် ဦးသာညဏ်က မသီရိအတွက် မှန်တံခါးကို ဖွင့်ပေးရင်း နှုတ်ခွန်းဆက် လိုက်သည်။

"မင်္ဂလာပါ မသီရိ"

"မင်္ဂလာပါ ဦးသာညဏ်၊ မမခင်လေးတို့ ရောက်နေတာ ကြာပြီလား"

"မသီရိတို့နဲ့ မရှေးမနှောင်းပါပဲ"

မသီရိသည် ရတနာတိုက်ပိုင်ရှင် ဇနီးမောင်နှံ၏ သီးသန့်ခန်းဆီသို့ လျှောက်သွားလိုက် သည်။

"မသီရိလာပြီ၊ အဆင်ပြေခဲ့ရဲ့လားဟင်"

"ပြေခဲ့ပါတယ် မမခင်လေး"

မသီရိသည် စားပွဲရှေ့ ကုလားထိုင်တွင် ဝင်လိုက်ပြီးသူ၏ လက်ကိုင်အိတ်ကို ဖွင့်လိုက် သည်။

ကုန်တိုက်ပိုင်ရှင်၏ ဇနီးက ကတ္တီပါလင်ပန်းကလေးကို မသီရိ၏ ရှေ့သို့ တိုးရွှေ့ပေးနေစဉ် ထိုအခန်းထဲသို့ မန်နေဂျာထွန်းသောင်းဦး ဝင်လာ၏ ။

"ပစ္စည်းတွေက ရှယ်ပဲ မမခင်လေး၊ မသီရိတော့ အတော်အကြိုက်တွေ့လာတယ်"

ကုလားထိုင်တစ်လုံးတွင် ဝင်လိုက်ရင်း မန်နေဂျာထွန်းသောင်းဦးက ပြောလိုက်သည်။

"ကောင်းတာပေါ့ ကွယ်"

မသီရိသည် နက်ပြာရောင် လင်ပန်းပေါ်သို့ အသေအချာ ထုပ်ယူလာသော အထုပ်ကို ဖြေ ၍ အသာသွန်ချလိုက်သည်။

နက်ပြာရောင် ကတ္တီပါလင်ဘန်းပေါ်တွင် စိန်ရောင်များ ပြိုးပြက်၍ နေပါ၏ ။

ရတနာပိုင်ရှင် ဇနီးမောင်နှံသည် စိန်ပွင့်များကို စစ်ဆေးကြည့်ရှုပြီး တစ်ဦးမျက်နှာ တစ်ဦး ကျေနပ်အားရသောအပြုံးများဖြင့် ကြည့်လိုက်ကြသည်။

"ကိုမြတ်သူ၊ ခင်လေးစိတ်ကြိုက်ရွေးထုတ်ထားပြီး ကျန်တာတွေကို ရောင်းထည် အပ်မယ် နော်"

"ခင်ဗျားသဘောပါဗျာ၊ ခင်ဗျားသဘော"

ဒေါ်ခင်ခင်လေးသည် စိတ်ကြိုက်အပွင့်များကို ရွေးချယ်ထုတ်ယူပြီး လင်ပန်းကို မသီရိရှေ့ သို့ တိုးရွှေ့ပေးလိုက်သည်။

"ကဲ ထုံးစံအတိုင်း ကျန်တာတွေကိုတော့ မသီရိစိတ်ကူးစိတ်သန်းရတဲ့အတိုင်းသာ အပ်ပါ တော့"

"ဟုတ်ကဲ့ပါ ဦး"

"မသီရိရေ ဟိုနေ့က မမခင်လေးကိုပြတဲ့ မသီရိရဲ့ ကက်တလောက်စာအုပ်ကို ပြပါဦး အဲဒီ အထဲက လက်စွပ်ပုံဆန်းကလေးတွေ ကြည့်ချင်လို့"

"ဟုတ်ကဲ့ မမခင်လေး"

မသီရိသည် သူ့အလုပ်စာမေးပွဲဆီသို့ လျင်မြန်ဖျတ်လတ်စွာ သွား၍ ကတ်တလော့ဒ်စာ အုပ်ကို ယူဆောင်လာခဲ့သည်။

ဒေါ်ခင်ခင်လေးသည် စာအုပ်ကိုလှန်ပြီး သူ့စိတ်ကြိုက်ဖြစ်သော ရတနာပစ္စည်းပုံစံများကို ကြည့်လိုက်သည်။

"မသီရိ"

"ရှင် မမခင်လေး"

"ဒီနှစ်ပွင့်ကို ဒီပုံစံအတိုင်း နားကပ်လုပ်"

"ဟုတ်ကဲ့"

"ဒါကိုတော့ ဟိုတလောက ဝယ်ထားတဲ့ ပလက်တီနံ နဲ့ဒီပုံစံအတိုင်း လက်စွပ်ကွင်း၊ ရော့ .....ရော့ မမဒီကွင်းအတိုင်းလုပ်နော်၊ ဒါကို အတိုင်းပေးလိုက်"

"ဟုတ်ကဲ့ပါ"

"ဒီအလုံးတွေကိုတော့ ကရောင်းကြိုးလုပ်လိုက်"

"ပုံစံကော မမခင်လေး"

"ပုံစံကတော့ မသီရိအကြိုက်တစ်ခုခုပဲလုပ်လိုက်ပါ၊ မသီရိက လှအောင်လုပ်တတ်တဲ့ မျက်စိ ရှိပါတယ်"

"ဟုတ်ကဲ့ပါ မမခင်လေး"

"မစမ်းတင့်ကိုပြော၊ ဒါအိမ်သုံးအတွက်လို့ ဂရုစိုက်လုပ်ပေးပါလို့"

"ဟုတ်ကဲ့ရှင့် ဘယ်တော့လောက် ယူမယ်လို့ပြောရမလဲ မမခင်လေး"

"လကုန်ယူမယ်သာ ပြောထားလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ"

အကူအရောင်းစာရေးကြီး ဦးခင်မှတ်နှင့်မန်နေဂျာ ထွန်းသောင်းဦးတို့ ဝယ်သူတစ်ဦးကို ပစ္စည်းပြနေစဉ်မသီရိသည် ရတနာကုန်တိုက်ပိုင်ရှင်၏ ဇနီးက အပ်ခိုင်းသည့်ပစ္စည်းများအတွက် ရွှေနှင့် ပလက်တီနံများကို သူ့အလုပ်စားပွဲပေါ်က ချိန်ခွင်ကလေးဖြင့် ချိန်တွယ်ယူနေ၏။

အလုပ်ထဲတွင် စိတ်ဝင်စားနေသဖြင့် သူ့အလုပ်စားပွဲရှေ့တွင် လူတစ်ယောက်ရပ်နေ သည်ကို မသီရိမှာ တော်တော်နှင့် သတိမပြုမိနိုင်ဘဲ ရှိနေ၏ ။

“အဟမ်း ..............အဟမ်း”

မသီရိဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်ရာ -

“ဟင် ...........ရှင် ...........ရှင်”

မသီရိထိတ်လန့် တုန်လှုပ်သွား၏ ။

“မင်း £ ေန့မပျက်နေစမ်းပါ၊ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာရင် မင်းအတွက်ကော ငါ့အတွက်ကော မကောင်းပါဘူး”

စားပွဲရှေ့က ကုလားထိုင်တွင် ဟန်ကျပန်ကျ ထိုင်ချရင်း စိုးမိုးနိုင်က ပြောလိုက်သည်။

မသီရိသည် တဒိန်းဒိန်းခုန်နေသော ရင်ဖြင့် သူအပြင်ဘက်ဆီသို့ ကြည့်လိုက်သည်။

အရောင်းပြခန်းထဲတွင် ဝယ်သူသုံးလေးဦးနှင့် ထွန်းသောင်းဦးတို့ အတူ စာရေးကြီးတို့ အ လုပ်ရှုပ်နေကြသည်ကို တွေ့ရ၏ ။

“တော်ပါသေးရဲ့”

မသီရိသည် ရင်မှာ အနည်းငယ် အေးသွားပြီ သူ့ရှေ့တွင် မျက်နှာပြောင်တိုက်၍ ထိုင်နေ သော စိုးမိုးနိုင်ကို ကြည့်လိုက်သည်။

စိုးမိုးနိုင်၏ မျက်လုံးများက စားပွဲပေါ်တွင် ရှိနေသော ကတ္တီပါလင်ပန်းထဲက စိန်ပွင့်များပေါ် တွင် ရောက်ရှိနေ၏ ။

မသီရိသည် ကတ္တီပါလင်ပန်းကို သူ့ရှေ့သို့ ဆွဲယူမည်ပြုစဉ် ဖျတ်ခနဲ လင်ပန်းကို စိုးမိုးနိုင် က ဆွဲယူ၍ သူ့ရှေ့တွင်ထားလိုက်သည်။

“ဘာလဲ ကိုယ့်ကို မယုံလို့လား”

“ရှင်ကကော ယုံနိုင်စရာလူကောင်းတစ်ယောက် မို့လို့လား”

“အဟင်း ..... ဟင်း မင်း ကပိုပြီး
တောင်နှုတ်သီးကောင်းလာနေပါသေးလား”

“ရှင် အပိုတွေ ပြောမနေနဲ့၊ ရှင် ဘာကိစ္စ ကျွန်မဆီ လာရတာ လဲ”

“ကိုယ်လား၊ ကိုယ့်မှာ ငွေနည်းနည်းလိုနေလို့လေ၊ မင်းက
ဒီရတနာတိုက်မှာ ပြေလည်နေ တယ်ဆိုတာ သိတော့ မင်းဆီလာခဲ့တာပေါ့”

“ကျွန်မ သူများအလုပ်ကို လခစားနဲ့ လုပ်နေတာ ငွေပိုငွေလျှံ
တစ်ပြားမှမရှိဘူး၊ မိန်းမတစ် ယောက်အနေနဲ့ ရှင့်သမီးကို လူလားမြောက်အောင်
အနှစ်နှစ်ဆယ်ကျော်လုံးလုံး ပြုစုပျိုးထောင် လာခဲ့ရတာ လွယ်တယ်များ
ရှင်ကမှတ်နေသလားရှင့်ကို နှောင့်ယှက်မှုနဲ့ ရဲလက်ထဲအပ်မယ်”

“သိပ်ဒေါသမကြီးပါနဲ့လေ၊ သမီးကို ကိုယ်က သူ့အဖေပါလို့
ပြောလိုက်မှာကို မင်းလိုလား မယ့်ပုံတော့ ပေါ်မှာမဟုတ်ပါဘူးနော်”

ခနိုးခနဲ့ မျက်နှာပေးဖြင့် မသီရိကိုကြည့်ကာ စိုးမိုးနိုင်က
ပြောလိုက်သည်။

“ရှင်........ရှင်၊ လူယုတ်မာပဲ သာယာဖြောင့်ဖြူးနေတဲ့
သမီးဘဝကိုရှင်ဖျက်ဆီးပစ်ဖို့ ရောက် လာတာလားဟင်၊ သမီးက
သူ့နှစ်လသမီးလောက်ကတည်းက ရှင်သေသွားပြီလို့ နားလည်ထား တာ”

“ဒါဆိုလဲ လွယ်ပ်တယ်၊ ဆက်ပြီး နှုတ်ပိတ်ထားခ မင်းကပေးလိုက်ပေါ့၊
မင်းက ဒီရတနာ တိုက်ပိုင်ရှင်နဲ့ ခမည်းခမက်တွေတောင် ဖြစ်ကြတော့မယ့်ဥစ္စာ”

“ရှင် ......... ရှင် ဒါတွေလဲ သိနေတာပဲလား”

“စိုးမိုးနိုင်မှာ မျက်စိတွေ၊ နားတွေ အများကြီးမှ အများကြီး ဒီစကားကို

မင်းကြားဖူးနေကျပါ ကွာ”

“ရှင်၊ လူယုတ်မာပဲ၊ ရှင်က သေအထိ ယုတ်မာမယ့်လူစားပဲ ကိုစိုးမိုးနိုင်”

“ဒါကမင်းဘက်က အမြင် မသီရိ၊ ငါ့ဘက်ကတော့ မင်းကိုချစ်မိတဲ့အချစ်၊ တရွေးကလေးမှ လျှော့မသွားသေးဘူး အဲဒါ မင်းသိထား”

“တော်စမ်းပါ၊ဘာအချစ်လဲ၊နှလုံးသားထဲမှာရောအသိဉာဏ်ထဲမှာရော ခါးသီးလွန်လွန်းလို့”

“အဟင်း ......... ဟင်း ......ဟင်း အချစ်ခါး ...... ကိုယ့်အချစ်က မင်းအတွက် အချစ်ခါးကြီး ပေါ့၊ အေးလေ ရှိပါစေတော့၊ ခုအချိန်မှာ ကိုယ့်အတွက် ဒါတွေထက်အရေးကြီးတာငွေပဲ၊ ငွေသိပ် လိုနေတယ်၊ ရမှပဲဖြစ်မှာ မရ”

မသီရိ ရုံးခန်းတံခါးပွင့်လာပြီး အတွင်းသို့ လင်ပန်းတစ်ချပ်ကို လက်ကကိုင်၍ မန်နေဂျာ ထွန်းသောင်းဦး ဝင်လာပြီး စိုးမိုးနိုင်၏ စကားများ အဆုံးမသတ်နိုင်ဘဲ ပြတ်တောက်သွားတော့သည်။

“ဧည့်သည်အတွက် စားစရာလာပို့ ပေးတာ”

“အို၊ အားနာစရာကြီး မသီရိလာယူမှာပေါ့”

“အေးအေးဆေးဆေး စကားပြောကြပါ၊ အရောင်းပြခန်းကို ကိုယ်နဲ့ ဦးခင်မှတ်နိုင်ပါတယ်၊ သူဌေးလင်မယားလဲ ပြန်သွားကြပါပြီ”

“ဟုတ် ........ ဟုတ်ကဲ့ ကိုထွန်း”

“မိတ်ဆွေက ဒီရတနာတိုက်က ဝန်ထမ်းပဲလား”

စိုးမိုးနိုင်က ထွန်းသောင်းဦးကို မေးလိုက်သည်။

“ဟုတ်ကဲ့ ကျွန်တော်က မန်နေဂျာပါ”

“အေးဗျာ၊ ကျွန်တော်အချစ်ဆုံးသူငယ်ချင်းရဲ့ ဇနီးနဲ့ သမီးလေး ခုလို

လူကောင်းတွေနဲ့တွေ့ ပြီး ပြေပြေလည်လည်ရှိတာ တွေ့ရတော့ ဝမ်းသာတယ်ဗျာ၊ တစ်နေ့ အေးအေးဆေးဆေး မသီရိ တို့ သားအမိနဲ့ ခင်ဗျားနဲ့ ကျွန်တော် တစ်နေရာရာမှာ သွားစားကြဖို့ စီစဥ်ဦးမယ်”

“ရပါတယ်၊ ကျွန်တော်ကလဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး တွေ့ချင်ပါတယ်၊ ကဲ .... စကား ပြောကြဦး၊ ဝယ်သူလာလို့ သွားတွေ့လိုက်ပါဦးမယ်”

ထွန်းသောင်းဦးသည် မသီရိ၏ အလုပ်ခန်းအတွင်းမှ လျင်မြန်စွာ ထွက်ခွာသွား၏ ။

“ရှင် တော်တော်ညာဏ်များတဲ့ လူပဲ”

ခါးသီးရှုံ့ရှာ မုန်းတီးဟန်ဖြင့် စိုးမိုးနိုင်ကို ကြည့်၍ မသီရိက ပြောလိုက်သည်။

“အကွက်မမြင်တတ်ရင် ကိုယ့်ခွင်ပျက်သွားမှာပေါ့၊ မသီရိရဲ့၊ ဒီပညာတွေက ကိုယ့်အတွက် မွေးရာပါပါ၊ အဟင်း ဟင်းဟင်း”

“ရှင် ....... ရှင် နည်းနည်းလေး လူစိတ်ရှိပြီး ဒီနေရာက မြန်မြန်ထွက်သွားရင် ကောင်းမယ်”

“ကျွန်မပြောနေတာ ရှင့်နဲ့ ကျွန်မရဲ့ ရင်သွေးဘဝရေး့ ရေး မပျက်ဖို့ ပြောနေတာ”

“ကိုယ်သွားမှာပါ၊ ကိုယ်လိုချင်တာရရင် တစ်သက်လုံး မင်းတို့သားအမိ ဘက်ပြန်လှည့်မလာ ဘူး၊ ကိုယ်ကတိပေးတယ် သိပ်မလွှဲသာ မရှောင်သာလွန်းလို့ပါကွာ”

“ကျွန်မမှာ ငါးရာတစ်ထောင်ထက်ပိုမရှိဘူး၊ လိုချင်ရင်ယူသွား”

မသီရိက အလုပ်အံဆွဲကို ဖွင့်၍ ငွေအချို့ကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

"ဟင့်အင်း၊ ဒီပိုက်ဆံလေးလေက် ဘာအသုံးတည့်မှာလဲ၊ ရတယ်လေ မင်းမှာငွေမရှိရင် တခြားမှာ သွားကြိုးစားကြည့်လိုက်ဦးမယ်"

ထွန်းသောင်းဦးလာချပေးသော လက်ဘက်ရည်ကို တရှိန်ထိုး မော့သောက်လိုက်သည်။

စိုးမိုးနိုင်သည် ရတနာရောင်းချနေသော ထွန်းသောင်းဦးကို စကားရောဖောရောတစ်ချက် လုပ်ပြီး မသီရိဘက်သို့လက်ဝှေ့ယမ်းနှုတ်ဆက်ပြကာ ကုန်တိုက်အတွင်းမှ ထွက်ခွာသွားတော့ သည်။

"မဟုတ်သေးပါဘူး၊ သူဘာဖြစ်လို့ အသာတကြည်ထွက်သွားတာလဲ"

မသီရိသည် သူ့ရှေ့က စိန်များကို စစ်ဆေးကြည့်ရာ ကမ္ဘာကြီးချာချာလည်သကဲ့သို့ ခံစား လိုက်ရသည်။

မသီရိသည် ဦးနှောက်ထဲတွင် ဟုန်ထုံနေပြီး တုန်ရီနေသော လက်များဖြင့် ကတ္တီပါပန်းထဲ က စိန်တွေကို စစ်ဆေးကြည့်လိုက်သည်တွင် လက်စွပ်အတွက် ဒေါ်ခင်ခင်လေးရွေးထားပေးသော စိန်ပွင့်များကို စိုးမိုးနိုင်ယူသွားကြောင်းတွေ့ရှိရ၏ ။

အသက်ရှုများ မှား၍ ဦးခေါင်းထဲတွင် မူးမိုက်သွား၏ ။

"ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ၊ ငါ့ဘဝပျက်တာ အကြောင်းမဟုတ်ဘူး၊ သမီးလေး သ မီးလေး ဘဝပျက်မှာ ငါသေမလောက် ကြောက်တယ်၊ ဒီလူယုတ်မာ ကိစ္စကို ငါဘယ်လို ဖြေရှင်းရ မလဲ"

မသီရိအပြင်သို့ ပြေးထွက်၍ ကြည့်လိုက်သည်။

စိုးမိုးနိုင်ကို အရိပ်အယောင်သော်မျှ မတွေ့ရတော့ပါ။ မသီရိ ဦးခေါင်းကို ငိုက်စိုက်ချ၍ သူ့ အလုပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

"မသီရိ"

“ရှင်”

မသီရိသည် သူ့အခန်းထဲသို့ လိုက်ဝင်လာသော မန်နေဂျာ ထွန်းသောင်းဦးကို မျက်ဝန်းတွင် မျက်ရည်ဝိုင်းစွာဖြင့်ကြည့်လိုက်သည်။

ကိုထွန်းသောင်းဦးကတော့ သဘောရိုးဖြင့် မသီရိတစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ များ သတိရကာ စိတ်မကောင်းဖြစ်နေလေသလားဟု ထင်လိုက်မိ၏ ။

“မသီရိ ခင်ပွန်းရဲ့ အချစ်ဆုံးသူငယ်ချင်းကို တွေ့လိုက်ရလို့ အရမ်းစိတ်မကောင်း ဖြစ်သွား တာလားဟင်”

မျက်ဝန်းနှစ်ဖက်တွင် ပြည့်အိုင်နေသော မျက်ရည်တို့သည် ထွန်းသောင်းဦး၏ အမေး ကြောင့် ပြိုကျ၍ လာကြတော့သည်။

“အို ….. အို မငိုလိုက်ပါနဲ့ မသီရိရယ်၊ ကိုယ့်ရင်ထဲမှာ မခံစားနိုင်လွန်းလို့ပါ”

မသီရိသည် မျက်နှာကလေးကို တစ်ဖက်သို့ လွှဲဖယ်၍ ရှိုက်နေ၏ ။

သူငိုမိနေသည်က သူ့အကြောင်းနှင့်သူပါ။

အမယ်ဘုတ်၏ ချည်ခင်ကို မသီရိက ဘယ်သို့ရှင်းရပါမည်နည်း။

“မသီရိ မျက်ရည်တွေ သုတ်လိုက်ဗျာ၊ ဦးခင်မှတ်တို့ မြင်သွားရင် တစ်မျိုးထင်နေပါ့မယ်”

မသီရိသည် လက်ကိုင်ပဝါဖြင့် မျက်ရည်များကို ကပျာကသီ သုတ်လိုက်သည်။

“ပြီးတာတွေ ပြီးပါစေတော့၊ ဒီအတွက်နဲ့ ဝေဒနာထပ်မဖြစ်ပါစေနဲ့၊ မသီရိ နေထိုင်မကောင်း ဖြစ်နေပါ့မယ်ဗျာ”

“ဟုတ် ……… ဟုတ်ကဲ့ပါ”

မသီရိသည် တိုးတိမ်သော အသံကလေးဖြင့် ပြောရင်းချိန်တွယ်ပြီးသော ရွှေနဲ့ပလက်တီနမ် တုံးကလေးများကို သူ့လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်သည်။

“မသီရိ ဒီနေ့ပဲ အထည်သွားအပ်မှာလား”

“ဟုတ်ကဲ့”

“ဆိုင်ပိတ်မှ သွားပါလား၊ ကိုယ်လိုက်ပို့ပေးမယ်လေ”

“ရပါတယ်၊ ဆိုင်ပိတ်ဖို့အချိန်က လိုသေးတယ်၊ မသီရိလဲ ဝင်စရာရှိလို့၊ ခုပဲသွားလိုက်တော့ မယ်၊ ကိုမျိုးလှိုင်ရဲ့ ကားနဲ့ပဲသွားမှာပါ”

မသီရိသည် သူ့အလုပ်စားပွဲကို ပိတ်ပြီး ထရပ်လိုက်သည်။

မသီရိ၏ မျက်နှာကို ထွန်းသောင်းဦးက ညှိုးငယ်စွာဖြင့် လိုက်ကြည့်နေ၏ ။

မသီရိလည်း သူ့ဆလင်းဘက်အိတ်ကို ပခုံးတွင် လွယ်ပြီး ထမင်းထည့်ထားသောခြင်း ကလေးကို လက်တွင်ဆွဲကာအလုပ်ခန်းအတွင်းမှ ထွက်ခဲ့တော့သည်။

“ပြန်တော့မလား မသီရိ”

“ပစ္စည်းသွားအပ်ပြီး တစ်ခါတည်း ပြန်တော့မယ် ဦးသာညွှာ”

မသီရိသည် အငှားယဉ်ဂိတ်သို့ လျင်မြန်စွာ လျှောက်ခဲ့ပြီး စီးနေကျဖောက်သည်ကားကို ကြည့်လိုက်သည်။

“ဒေါ်သီရိ အပြင်ထွက်မလို့လား”

လက်ဖက်ရည်ဆိုင်အတွင်းမှ အငှားယာဉ်မောင်းကာ ထွက်လာကာ မေးလိုက်သည်။

"ဟုတ်တယ်၊ ကိုမျိုးလှိုင်"

မသီရိသည် စိုးမိုးနိုင်ကို တွေ့ရလို တွေ့ရငြား၊ ယာဉ်မောင်းအား မြို့ထဲတွင် လှည့်ပတ် မောင်းနှင်စေ၏ ။ မတွေ့ရပါ။ စိုးမိုးနိုင်က မြေလျှိုးမိုးပျံသွားတော့ လေပြီ။

*